# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၂၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန် ၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၈) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၄၀၂ ဦးတက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၂၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း အစီအစဉ်များကို ဆက်လက်ဆောင်ရွက် ပါ့မယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ ၁၆-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်မှ စုစည်း တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၁ ဦး ရှိပြီး ယခင် ခွင့်ပန်ကြားသူ ၁၉ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၀ ဦးရှိပြီး စုစုပေါင်း ၂၉ ဦး ရှိပါတယ်။ ယနေ့ခွင့်တိုင်ကြားသူ ၁၀ ဦးကို ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက် ရန်ရှိပါသဖြင့် ခွင့် ၁ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၂ ဦး၊ ခွင့် ၂ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၆ ဦး၊ ခွင့် ၁၆ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၁ ဦးနှင့် မိခင်ကွယ်လွန်သဖြင့် ခွင့် ၇ ရက် တိုင်ကြားသူ

ကိုယ်စားလှယ် ၁ ဦး စုစုပေါင်း ၁၀ ဦးဖြစ်ပါတယ်။ ကိုယ်စားလှယ် ၁၀ ဦးက အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး၊

(၂) ဇနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့်၊

(၃) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်၊

(၄) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို၊

(၅) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်၊

(၆) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်၊

(၇) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊

(၈) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး၊

(၉) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ်မှ ဗိုလ်မှူးအောင်ဇော်မိုးတို့သည် အသီးသီး ခွင့်တင်ပြလာပါတယ်။

အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြိုတင်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်းဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံတော်မှ ဆီထွက်သီးနှံဖြစ်သော မြေပဲ၊ နှမ်း ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခဲ့သဖြင့် ကောင်းကျိုး ဆိုးကျိုးများ ရှိလာနိုင်ပါ၍ နိုင်ငံတော်မှ မည်သို့ စီမံဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကိုကြီး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဂါရဝရှေ့ထား၍ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဦးကိုကြီး ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဖြစ်ပါတယ်။ ၁၉၉၀ ဝန်းကျင်မှစ၍ မြန်မာနိုင်ငံကို ပြည်သူများစားသုံးရန်အတွက် စားအုန်းဆီကို တင်သွင်းခဲ့ပါတယ်။ တစ်လကို တန် ၅၀၀၀ မှစ၍ တဖြည်းဖြည်း တန် ၁၀၀၀၀၊ ထို့နောက် ၂၀၀၀၀၊ ထို့နောက် ၃၀၀၀၀ အထိ တင်သွင်းလာတာကို တွေ့ရပါတယ်။ ၁၉၉၀ မှ ၂၀၀၉-၂၀၁၀ အချိန်အထိ အခြေအနေကို အကျဉ်းမျှတင်ပြလိုပါတယ်။ စားအုန်းဆီဟာ ပြည်တွင်းတွင် စိုက်ပျိုးထုတ်လုပ်တဲ့ မြေပဲဆီ၊ နှမ်းဆီတို့ထက် ဈေးနှုန်းများစွာလျော့နည်းပါတယ်။ တစ်ပိသာကို ၁၀၀၀ နှင့် ၁၅၀၀ ထိအောင် လျော့နည်းတာ ကိုတွေ့ရပါတယ်။ စားအုန်းဆီ အဝင်များလာသည်နှင့်အမျှ ဆီထွက်သီးနှံ စိုက်ပျိုးတဲ့ တောင်သူများရဲ့ သီးနှံဈေးဟာကျပြီးတော့ အကျိုးအမြတ်မရှိတဲ့ အခြေအနေကို ရောက်ခဲ့ ပါတယ်။ ထိုအနှစ် ၂၀ ခန့်အတွင်း မြေပဲစိုက်ပျိုးတဲ့ဒေသများဟာ စိုက်ပျိုးမှုလျော့ချခဲ့ရပါတယ်။ တစ်ပြည်လုံးမှာရှိတဲ့ မြေပဲစိုက်ပျိုးမှုအနေနဲ့ ၇၀၊ ၇၅ ရာခိုင်နှုန်းအထိ လျော့သွားနိုင်တယ်လို့ မှန်းဆ ကြပါတယ်။ ၎င်းအချိန်ကာလက မြေပဲကို ပြည်ပသို့ လုံးဝတင်ပို့ရောင်းချခြင်းမပြုခဲ့ပါဘူး။ ထို့နောက် ပြည်ပမှာ ဈေးကောင်းရနေတဲ့အချိန် နှမ်းမှာ နှမ်းအမဲရောင်နှင့် နှမ်းအဖြူရောင်တို့ကို တင်ပို့ရောင်းချ ခွင့်ပြုခဲ့ပါတယ်။ ကျန်နှမ်းအရောင်များဖြစ်တဲ့ အနီတို့၊ အညိုတို့၊ အဝါတို့၊ အကျားတို့ကိုတော့

ပြည်တွင်းမှာ ဆီကြိတ်စားသုံးရန်အတွက် ပြည်ပကို တင်ပို့ရောင်းချခွင့်မပြုခဲ့ပါဘူး။ ဒါကြောင့်မို့ ပြည်ပကို တင်ပို့ခွင့်မရတဲ့ မြေပဲနှင့် နှမ်းတို့ဟာ ဈေးကောင်းမရဘဲ တောင်သူများဟာ အရှုံးနှင့် ရင်ဆိုင်ခဲ့ကြ၍ စိုက်ဧက အထူးလျော့သွားတာတွေ့ရှိရပါတယ်။ သို့သော်လည်း ပြည်ပပို့ခွင့်ရတဲ့ နှမ်းအမဲနှင့် နှမ်းအဖြူတို့က ဈေးကောင်းရတဲ့အတွက် စိုက်ဧက တိုးလာတာကို တွေ့ရပါတယ်။ ထူးထူးခြားခြားကတော့ ဒီမြေပဲစိုက်ပျိုးမှုဧကများ သိသာထင်ရှားစွာ လျော့ကျသွားတာကို တွေ့ရပါတယ်။ ၂၀၁၁-၂၀၁၂ ဒီမိုကရေစီနိုင်ငံတော် စတင်ထူထောင်သည့်အချိန်မှစပြီးတော့ မြေပဲနှင့် နှမ်းအနီတို့၊ အညိုတို့၊ အဝါတို့၊ အကျားတို့ စိုက်ဧကတိုးလာဖို့ရန် ရည်ရွယ်ပြီးတော့ ပြည်ထောင်စု အစိုးရကနေပြီးတော့ ပြည်ပကို တင်ပို့ရောင်းချခွင့်ပြုခဲ့ပါတယ်။ ၎င်းကဲ့သို့ စတင်ပြီးတော့ပြည်ပကို တင်ပို့ရောင်းချခွင့်ရသည့်အချိန်မှစပြီးတော့ မြေပဲတို့၊ နှမ်းတို့ ဈေးများဟာ တစ်ရိပ်ရိပ်တက်ခဲ့တာ တွေ့ရှိရပါတယ်။ မကြုံစဖူးအတက်ထူးလာတာကိုလည်း တွေ့ရပါတယ်။ ပြည်ပဝယ်လက်များက လည်း ရသလောက်ဝယ်၍ ဝယ်ရသလောက် ပြည်ပသို့တင်ပို့ခဲ့တာကို တွေ့ရပါတယ်။ တရုတ် နယ်စပ်မှတစ်ဆင့် တရုတ်ပြည်တွင်းသို့ တင်ပို့ရောင်းချမှုဟာ ပို၍များခဲ့တာကို တွေ့ရှိရပါတယ်။ မြေပဲဆံကုန်ကြမ်းဈေးဟာ ယခုနှစ်များအတွင်းမှာ ယခင်ကာလများထက် ၆၀ ရာခိုင်နှုန်းခန့် လည်းကောင်း၊ ဆီကြိတ်နှမ်းများဟာ ၄၀ ရာခိုင်နှုန်းခန့်လည်းကောင်း ဈေးနှုန်းများ တက်လာတာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ဆီကြိတ်မြေပဲဆံ တစ်ပိဿာ ၂၆၀၀၊ နှမ်းညို သုံးတင်းတစ်အိတ် ၈၂၀၀၀ အထိ ဈေးများဖြစ်ခဲ့ပြီး စိုက်ပျိုးတဲ့တောင်သူများကတော့ မကြုံဖူးတဲ့ဈေးကို ဈေးကောင်းရခဲ့ ကြပါတယ်။ အထက်ပါအခြေအနေ အရပ်ရပ်များကြောင့် ကောင်းကျိုးများရခဲ့သလို ဆိုးကျိုးများ ကိုလည်း ဖြစ်စေခဲ့ပါတယ်။ ရရှိတဲ့ကောင်းကျိုးများကတော့ ဆီထွက်သီးနှံဈေးများ ဈေးကောင်းရခဲ့တဲ့ အတွက် ယခင်စိုက်ဧကများ လျော့ကျနေတာကို နောက်နှစ် နောက်နှစ်များမှာ တောင်သူများမှာ ပိုမိုစိုက်ပျိုးပြီးတော့ စိုက်ဧကတိုးလာဖို့ဟာ သေချာသလောက် ဖြစ်နေပါတယ်။ နောက်ဆိုးကျိုးတွေ ကတော့ ပြည်ပကို ဆီထွက်သီးနှံ ကုန်ကြမ်းများ ထွက်ရှိသွားတဲ့အတွက် ပြည်တွင်းမှာ စားသုံးဆီ ထုတ်လုပ်မှုကျဆင်းသွားပါတယ်။ ဒါကြောင့်မို့လိုအပ်တဲ့ စားသုံးဆီကို ပြည်ပမှပိုမိုမှာယူရမှာ ဖြစ်တဲ့အတွက် ပြည်ပသုံးငွေကို ပိုမိုသုံးစွဲရမှာဖြစ်ပြီး နိုင်ငံအတွက် နစ်နာမှုကိုဖြစ်စေပါတယ်။ ပြည်ပမှ ပြန်လည်တင်သွင်းတဲ့ စားအုန်းဆီဟာလည်းပဲ ပြည်ဝဆီအမျိုးအစား ဖြစ်တဲ့အတွက် ပြည်သူများ ကြာရှည်စွာ စားသုံးက သွေးတိုး၊ ဆီးချို၊ နှလုံး၊ အသည်းအဆီဖုံး၊ ကျောက်ကပ်ရောဂါများကို ရစေပါ တယ်။ ယခုတင်သွင်းနေတဲ့ အဆင့်မြင့် Cloud Point 8 စားအုန်းဆီသည်ပင်လျှင် ကြာရှည်စွာစားသုံး

ပါက အထက်ပါရောဂါများကို ရစေသည်လို့ သမားတော်များမှ သုံးသပ်တာကို တွေ့ရှိရပါတယ်။ အထက်ပါ ရောဂါများကိုရ၍စားသုံးသူများဟာ ဆေးဖိုးဝါးခများ အပိုကုန်ကျစေပါတယ်။ ထို့အပြင် အချိန်မတိုင်မီ လုပ်အားများလျော့၍ လူသားအရင်းအမြစ်ကို ဆုံးရှုံးစေပါတယ်။ ထို့အပြင် ဆီစက်လုပ်ငန်းများဟာ ယခုအချိန်မှာ ကုန်ကြမ်းရှားပါးမှုကြောင့် ၇၀ ရာခိုင်နှုန်းခန့် ရပ်သွားရပါတယ်။ ထို့ကြောင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ တိုးတက်စေရမည်ဆိုတဲ့ နိုင်ငံတော်၏ မူဝါဒကလည်း အရာမရောက်ဖြစ်ခဲ့ရပြီး၊ လုပ်သားများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း လျော့နည်းသွားစေပါတယ်။ ဆီစက်များ ရပ်ဆိုင်းသွားတဲ့အတွက်ကြောင့် တိရစ္ဆာန်အစားအစာနှင့် ကြိတ်ဖတ်များ ရှားပါးပြတ်လတ်မှုကို ဖြစ်စေပါတယ်။ ဥပမာအားဖြင့် လွန်ခဲ့သော ၅ နှစ်၊ ၁၀ နှစ်ခန့်က ဈေးနှင့်နှိုင်းယှဉ်ပါက ကြိတ်ဖတ်ဖြစ်တဲ့ ပဲဖတ်တို့ နှမ်းဖတ်တို့ဟာ ၂ ဆ နီးပါးတက်လာတာကို တွေ့ရှိရပါတယ်။ တစ်ချိန်မှာ ဝယ်ရန်ခက်ခဲတဲ့ အခြေအနေကိုရောက်သွားပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းများ လျော့ပါးရပ်ဆိုင်းသွားခြင်းကို ဖြစ်စေနိုင်ပါတယ်။ အများပြည်သူများ အားပြုစားသုံးနေကြတဲ့ သားငါးပုစွန်ဈေးများ တက်သွားနိုင်ပါတယ်။ ထို့အပြင် သားငါးပုစွန်မှရတဲ့ နိုင်ငံခြားဝင်ငွေလည်း လျော့ပါးသွားနိုင်ပါတယ်။ သားငါးမွေးမြူရေးလုပ်ငန်းများ လျော့ကျရပ်ဆိုင်းသွားပါက ပြည်တွင်းလုပ်သားများ၏ အလုပ်အကိုင် အခွင့်အရေးများလည်း ထပ်မံ၍လျော့ပါးသွားနိုင်ပါတယ်။ အခြေအနေအရတော့ အရည်လည်းမရ အဖတ်လည်းမရတဲ့ ဆိုးကျိုးများကို ဖြစ်စေပါတယ်။ အထက်ပါကောင်းကျိုးနှင့် ဆိုးကျိုးများကို နှိုင်းယှဉ်ချိန်ဆ၍ နိုင်ငံတော်နှင့်ပြည်သူများ၏ ရေရှည်အကျိုးကိုမျှော်ကိုး၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလို၍ အများပြည်သူလူထု၏ကိုယ်စားမေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန )** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး၏ မေးမြန်းချက်အပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ရှင်းလင်း

တင်ပြသွားမှာ ဖြစ်ပါတယ်။ ယခင်က မြန်မာနိုင်ငံအနေနဲ့ ပြည်တွင်းထုတ်လုပ်သော စားသုံးဆီ လုံလောက်မှုမရှိခဲ့တာကြောင့်လည်းကောင်း၊ ပြည်ပမှစားသုံးဆီများ တင်သွင်းရမှု သက်သာစေရန် အတွက်လည်းကောင်း၊ ဆီထွက်သီးနှံများဖြစ်တဲ့ ဆီထွက်နှုန်းကောင်းသော နှမ်းနီ၊ နှမ်းညို၊ မြေပဲဆံစတဲ့ ဆီထွက်သီးနှံများကို ပြည်ပသို့ တင်ပို့ခွင့်မပြုခဲ့ဘဲ ဆီထွက်နှုန်းနည်းတဲ့ နှမ်းဖြူနှင့် နှမ်းနက်ကိုသာ တင်ပို့ခဲ့ ခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ ဒါဟာလည်း နိုင်ငံခြားငွေကုန်ကျမှု သက်သာစေရေးအတွက် စားသုံးဆီများ တင်သွင်းမှု နည်းနိုင်သမျှ နည်းအောင် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်အတွင်းမှာ ပြည်ပတင်ပို့ခွင့်မပြုထားတဲ့ နှမ်းနီ၊ နှမ်းညိုနှင့် မြေပဲဆံများကို တရား မဝင်လမ်းကြောင်းများမှ မှောင်ခိုထွက်ရှိနေကြောင်း သတင်းများရရှိခဲ့ပါတယ်။ ကွင်းဆင်းလေ့လာ စိစစ်ချက်များအရလည်း လမ်းကြောင်းမျိုးစုံကနေ နှမ်းနီ၊ နှမ်းညို၊ မြေပဲဆံများ တစ်ဖက်နိုင်ငံသို့ တရားမဝင် ထွက်ရှိနေကြောင်း သိရှိခဲ့ပါတယ်။ ဒါကြောင့် တရားဝင်ကုန်သွယ်မှုလမ်းကြောင်းမှ တင်ပို့ နိုင်ရန်နှင့် ပြည်ပတင်ပို့လိုသူများ ရေရှည်ခိုင်မာတဲ့စျေးကွက်ကို တရားဝင်လွတ်လပ်စွာ တင်ပို့နိုင်ရန် အတွက်လည်းကောင်း၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ စျေးကောင်းရရှိစေရန်အတွက်လည်း ကောင်း၊ ရည်ရွယ်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၁၉၄၇ ခုနှစ် သွင်းကုန် ထုတ်ကုန်ကြီးကြပ်ရေးယာယီအက်ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (၁)အရ ပြည်ပတင်ပို့ခွင့်မပြုသော ဆီထွက် သီးနှံများအနက်မှ မြေပဲ၊ မြေပဲဆီနှင့်ဆီကြိတ်ရာတွင် အသုံးပြုသော နှမ်းနီ၊ နှမ်းညို၊ နှမ်းဆီများကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက်မှ စတင်ပြီး ပြည်ပသို့ လွတ်လပ်စွာတင်ပို့ခွင့် ပြင်ဆင်သတ်မှတ် ခဲ့ပါတယ်။

လက်ရှိ နှမ်းနီ၊ နှမ်းညိုစျေးနှုန်းအရ နှမ်းဆီတစ်တန်ရရှိရန်အတွက် ကုန်ကြမ်းဖိုး၊ စက်ကြိတ်ခ၊ အလုပ်သမားခများအပါအဝင် ငွေကျပ် ၁၇ သိန်းကျော် ကုန်ကျတာကြောင့် ယနေ့ ဒေါ်လာငွေလဲလှယ် နှုန်းနှင့်တွက်ချက်ရင် နှမ်းဆီတစ်တန်ကို ဒေါ်လာ ၁၉၀၀၊ ၂၀၀၀ ဝန်းကျင်ခန့်ကျသင့်ပါတယ်။ အလားတူ မြေပဲဆီတစ်တန် ရရှိဖို့အတွက် ငွေကျပ် ၂၄ သိန်းနီးပါး ကုန်ကျတာကြောင့် မြေပဲဆီ တစ်တန်ကို ဒေါ်လာ ၂၇၀၀၊ ၂၈၀၀ ခန့် ကျသင့်ပါတယ်။ လက်ရှိ စားအုန်းဆီတစ်တန် ရန်ကုန် ဆိပ်ကမ်းအရောက် ကျသင့်ငွေက ဒေါ်လာ ၁၀၀၀ မှ ၁၀၅၀ ပတ်ဝန်းကျင် ရှိပါတယ်။ လက်ရှိ ပြည်တွင်းစျေးကွက်မှာ လက်ရှိ စားဆီတစ်ပိသာ ပေါက်စျေးများမှာ မြေပဲဆီ ၄၅၀၀ ကျပ်၊ နှမ်းဆီ ၃၇၀၀ ကျပ်၊ စားအုန်းဆီ ၁၈၅၀ ကျပ် အသီးသီးဖြစ်ပြီး စားအုန်းဆီကို ကျန်းမာရေးညီညွတ်အောင် FDA မှ စစ်ဆေးပြီး စားသုံးရန်သင့်တော်တဲ့ စားအုန်းဆီကိုသာ တင်သွင်းခွင့်ပေးခဲ့ပါတယ်။ ယခုဆိုလျှင်

အရည်အသွေးပိုမိုကောင်းမွန်စေရန်အတွက် Cloud Point 10 အစား ထိုင်း၊ စင်ကာပူ၊ မလေးရှား စသော နိုင်ငံများ စားသုံးမှုနည်းတူ Cloud Point 8 ကိုသာ တင်သွင်းရောင်းချလျက်ရှိပါတယ်။ ဈေးကွက်နှင့် စားသုံးသူအနေအထားအရ ပဲဆီ၊ နှမ်းဆီ စစ်စစ်ဈေးနှုန်းများဟာ မြန်မာနိုင်ငံစားသုံးသူ ၃၀ ရာခိုင်နှုန်းခန့်ကသာ ဝယ်ယူစားသုံးနိုင်တာကို တွေ့ရှိရပါတယ်။ ဈေးကွက်စီးပွားရေးစနစ်အရ ဈေးကောင်းရတဲ့ လယ်ယာထွက်ကုန် သီးနှံဖြစ်တဲ့ နှမ်းနီ၊ နှမ်းညိုနှင့် မြေပဲဆံတွေကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် စိုက်ပျိုးသူတောင်သူများ ဝင်ငွေတိုးစေပါတယ်။ တစ်ဖက်ကလည်း နိုင်ငံရဲ့ လက်ရှိ တစ်ဦးချင်းဝင်ငွေအခြေအနေနှင့် လိုအပ်ချက်များအရ စားသုံးရန်သင့်တော်တဲ့ FDA စစ်ဆေး ပြီးသော စားအုန်းဆီကို ပြည်သူများ ဈေးနှုန်းသက်သာစွာနှင့် စိတ်ချမ်းသာစွာ ဝယ်ယူစားသုံးနိုင်ဖို့ တင်သွင်းခြင်း ဖြစ်ပါတယ်။

နှမ်းနီ၊ နှမ်းညိုနှင့် မြေပဲဆံများ ပြည်ပသို့ တင်ပို့ခွင့်ပြုခဲ့တဲ့အတွက် ယခင်ဘဏ္ဍာနှစ်များထက် ပိုမိုတင်ပို့နိုင်သလို ပြည်ပဝင်ငွေလည်း ပိုမိုရရှိခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာ နှမ်းတန်ချိန် ၇၉၀၀ ခန့် တန်ဖိုးဒေါ်လာ ၁၁၄သန်းခန့်သာ တင်ပို့နိုင်ခဲ့ရာက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ နှမ်းတန်ချိန် ၁၁၈၀၀၀ ခန့် တန်ဖိုးဒေါ်လာသန်း ၁၇၀ ခန့်အထိ ပိုမိုရရှိခဲ့ပါတယ်။ ယခု ဘဏ္ဍာနှစ် ဇူလိုင်လအထိ နှမ်းတန်ချိန် ၁၇၀၀၀ ခန့် တန်ဖိုးဒေါ်လာ ၂၅ သန်းခန့် တင်ပို့ထားပြီး ဖြစ်ပါတယ်။ မြေပဲဆံဟာဆိုရင်လည်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အထိ တင်ပို့မှုမရှိခဲ့ဘဲနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ မြေပဲဆံ ၁၂၂၈၃ တန် တန်ဖိုး ၁၇.၇၁၅ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ် ဇူလိုင်လ အထိ မြေပဲဆံ တန်ချိန် ၃၀၀၀၀ ကျော် တန်ဖိုး ဒေါ်လာသန်း ၅၀ ခန့် တင်ပို့ထားပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဆီစက်အကြီး ၁၈၈ လုံး၊ ဆီစက်အလတ် ၉၂၄ လုံး၊ ဆီစက်အငယ် ၁၉၁၄ လုံး၊ စုစုပေါင်း ၃၀၂၆ လုံးရှိကြောင်း စာရင်းများ ကောက်ယူရရှိပါတယ်။ ဒါကြောင့် ဆီစက်ပိုင်ရှင် ၃၀၀၀ ကျော်ခန့်၊ ဆီစက်လုပ်သားဦးရေ ၄၊ ၅ သောင်းခန့် ရနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိ လူဦးရေဟာ သန်း ၆၀ ခန့်ရှိပြီး ဒီလူဦးရေသန်း ၆၀ ရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဖြစ်သော သန်း ၄၀ ကျော် ဟာ တောင်သူလယ်သမားများ၊ ၎င်းတို့ရဲ့ မိသားစုများ၊ လယ်ယာလုပ်သားများ အစရှိတဲ့ စိုက်ပျိုးရေး ကဏ္ဍကို အဓိကအားထားရပ်တည်နေသူများ ဖြစ်ပါတယ်။ ယခုလို မြေပဲဆံနှင့် နှမ်းနီညိုကို ပြင်ပသို့ တင်ပို့ရောင်းချခွင့်ပြုခြင်းကြောင့် ယခင်နှစ်က မြေပဲဆံတစ်ပိသာ ၁၅၀၀ ကျပ် တစ်တန် ၉ သိန်း ပတ်ဝန်းကျင်ရှိရာမှ ယခုနှစ်မှာ မြေပဲဆံတစ်ပိသာ ၂၃၀၀ ကျပ်ခန့် တစ်တန် ၁၄ သိန်းခန့်ထိ ဈေးမြင့် တက်လာခဲ့လို့ တစ်တန်ကို ၅ သိန်းကျပ်ခန့် ပိုမိုရရှိခဲ့ပါတယ်။ တရားဝင်ထုတ်ပြန်တဲ့ စာရင်းဇယားများ

အရ တစ်နှစ်ကို မြေပဲတောင့် တန် ၁၃.၉ သိန်း ခန့်မှန်းမြေပဲဆံ ၃.၅ သိန်းခန့်ထွက်ရှိတဲ့အတွက် စိုက်ပျိုးသူ တောင်သူလယ်သမားများအတွက် တစ်နှစ်ကျပ် ၁၇၅ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိလာမှာ ဖြစ်ပါတယ်။ အလားတူ နှမ်းနီညို့မှာလည်း ယခင်နှစ်ကတစ်တန် ၇ သိန်းကျပ်ခန့်ရှိရာမှ ယခု တစ်တန် ၁၀ သိန်းဖြစ်လာတဲ့အတွက် တစ်တန်ကို ၃ သိန်းကျပ်ခန့် ပိုမိုရရှိခဲ့ပါတယ်။ တရားဝင်ထုတ်ပြန်တဲ့ စာရင်းဇယားများအရ နှမ်းထွက်ရှိမှု ၈.၆ သိန်းတန်အပေါ်မှာ စိုက်ပျိုးတောင်သူများအနေဖြင့် ၂၅၈ ဘီလီယံခန့် ဝင်ငွေပိုမိုတိုးတက်ရရှိလာတာကို သုံးသပ်ရရှိရပါတယ်။ အထက်ဖော်ပြပါအချက်များဟာ မြေပဲဆံ၊ နှမ်းကုန်ကြမ်းများကို ဈေးကောင်းရ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် ရရှိတဲ့အကျိုးများ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံရဲ့ ပြည်သူအများစုဖြစ်တဲ့ ကျေးလက်နေတောင်သူများ၊ အခြေခံလူတန်းစားများအကျိုးကို အဓိကဦးတည်ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် နိုင်ငံတကာ ဈေးကွက်မှာ ဈေးကောင်းရတဲ့ နှမ်းနီ၊ နှမ်းညို၊ မြေပဲဆံ၊ မြေပဲဆီနှင့် နှမ်းဆီများကို ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြုပြီးဈေးနှုန်းသက်သာပြီး FDA က စိစစ်ခွင့်ပြုထားတဲ့ စားအုန်းဆီများကို ပြည်ပက တင်သွင်းခွင့်ပြုလျက်ရှိနေခြင်း ဖြစ်ပါတယ်။ ကောင်းကျိုးများရှိသလို တစ်ဖက်မှာလည်း ဆိုးကျိုးအနေနဲ့ ဆီစက်လုပ်ငန်းရှင်များ ပြည်တွင်းကြိတ်ခွဲရောင်းချနိုင်မှု၊ ယှဉ်ပြိုင်နိုင်မှုမှာ အခက်အခဲများ ရှိလာသလို မွေးမြူရေးလုပ်ငန်းရှင်များအတွက် တိရစ္ဆာန်အစားအစာများဖြစ်တဲ့ ပဲဖတ်၊ နှမ်းဖတ် ထွက်ရှိမှုလည်း ထိခိုက်တာကို တွေ့ရှိရပါတယ်။

လက်ရှိအနေအထားမှာ နှမ်းဆီ၊ မြေပဲဆီများကို ပြည်ပတင်ပို့ ခွင့်ပြုနေပြီ ဖြစ်ပေမယ့် ပြည်တွင်းမှာရှိတဲ့ ဆီစက်များရဲ့အနေအထားအရ ပြည်ပဈေးကွက်မှ လက်ခံသော အဆင့်မီဆီများ ကြိတ်ခွဲတင်ပို့နိုင်ခြင်း မရှိသေးတာ တွေ့ရှိရပါတယ်။ ထို့ကြောင့် အဆင့်မီဆီများ ကြိတ်ခွဲထုတ်လုပ်နိုင်တဲ့ ဆီစက်များ ဖြစ်အောင် အဆင့်မြှင့်တင်သွားရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့နှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်အသင်းကို မကြာမီ ဖွဲ့စည်းနိုင်အောင် ဆောင်ရွက်လျက်ရှိပြီး ဖွဲ့စည်းပြီးပါက မြေပဲဆီ၊ နှမ်းဆီများကို အဆင့်မီ ကြိတ်ခွဲထုတ်လုပ်ပြီး တန်ဖိုးမြှင့်ပစ္စည်းအဖြစ်တင်ပို့သွားနိုင်ရန်အတွက် ဆီစက်များ အဆင့်မြှင့်တင်ရေး၊ စက်အစိတ်အပိုင်းများ ပြောင်းလဲတပ်ဆင်ရေးတို့ကို ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်တစ်မျိုးဖြစ်တဲ့ ပဲမျိုးစုံဈေးကွက်ဟာ အိန္ဒိယနိုင်ငံဈေးကွက် တစ်ခုတည်းကိုပဲ အားကိုးနေရတဲ့အတွက် ရေရှည်တွင် ပိုမိုခိုင်မာတဲ့ လယ်ယာထွက်ကုန် ဈေးကွက်များရရှိအောင် ကြိုးပမ်းတဲ့နေရာမှာ မြေပဲ၊ နှမ်းစသည်တို့ဟာ အဓိကပို့ကုန်များ ဖြစ်ပါတယ်။ ဈေးကွက်အသစ်များ ရရှိအောင် အလေးပေးဖော်ထုတ်သွားရမှာ ဖြစ်ပါတယ်။ မြေပဲ၊ နှမ်းစသည်တို့ ပိုမိုထွက်ရှိလာအောင်လည်း စိုက်ဧကတိုးချဲ့ခြင်း၊ မျိုးကောင်းမျိုးသန့် အထွက်နှုန်းတိုးမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ရိတ်သိမ်းချိန်လွန် အလေအလွင့်များ နည်းနိုင်သမျှနည်းပါးအောင် ဆောင်ရွက်ခြင်းစတဲ့ နည်းလမ်းများဖြင့် စိုက်ပျိုးသူ၊ အထူးပြုကုမ္ပဏီများ အသင်းအဖွဲ့များ၊ အစိုးရဌာနများမှ ပူးပေါင်းဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဖော်ဆောင်သွားနိုင်ရန်အတွက် ခေတ်မီနည်းပညာများ၊ ခေတ်မီစက်ရုံ၊ အလုပ်ရုံများ ပေါ်ထွက်လာအောင် အဆင့်ဆင့်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ယခုလို မြေပဲ၊ နှမ်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ဆီစက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်ရန်ကိစ္စမှာ နိုင်ငံတော်အစိုးရ၊ အသင်းအဖွဲ့များနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ Public Private Partnership ပုံစံဖြင့် ညီညီ ညွတ်ညွတ်ပူးပေါင်းပြီး ဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

## ကယားပြည်နယ်အတွင်း တယ်လီဖုန်းဆက်သွယ်မှုစနစ်ပိုမိုလျင်မြန်ကောင်းမွန်လာစေရေးဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွဋ်တင်၊ ဖာဆောင်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွဋ်တင်(ဖာဆောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဖာဆောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်တင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ် ပြည်သူများကိုယ်စား မေးခွန်းမေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကယားပြည်နယ်မှာ တယ်လီဖုန်းဆက်သွယ်ရေးနှင့်ပတ်သက်ပြီး လွိုင်ကော်၊ ဒီမောဆိုမြို့တို့မှာ Auto Telephone များ တပ်ဆင်ထားပါတယ်။ ဖရူဆို၊ ဘောလခဲ၊ ဖာဆောင်း၊ ရှားတောမြို့တို့မှာ Semi Auto Telephone များတင်ဆင်ထားပါတယ်။ အဲ့ဒီ Semi Auto Telephone တွေဟာလည်း MPT

Satellite Terminal ဖုန်းတွေနဲ့ချိတ်ဆက်ထားတဲ့အတွက် မလိုအပ်ဘဲဆက်သွယ်ချိန်ကြာမြင့်ခြင်း၊ ရာသီဥတုမကောင်းရင် ဆက်သွယ်မှုခက်ခဲခြင်းတို့ဖြစ်ပေါ်လျက်ရှိပါတယ်။ မဲ့စဲ့မြို့၊ ရွာသစ်မြို့နယ်ခွဲ၊ မော်ချီး တိုက်နယ်၊ လွိုင်လင်လေးတိုက်နယ်၊ ဆီးဘူး၊ ထားလဲ၊ မာခတောရှည်၊ နန်းဖဲ၊ ပီကင်းကျေးရွာကြီးများမှာ MPT Satellite Terminal ဖုန်းတွေတပ်ဆင်အသုံးပြုလျက်ရှိပါတယ်။ Mobile Telephone ဆက်သွယ်ရေးမှာလည်း လွိုင်ကော်နှင့် လောပိတတိုက်နယ်မှာသာ GSM နှင့် CDMA Mobile တပ်ဆင်အသုံးပြုနိုင်ပါသေးတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကယားပြည်နယ်မှာ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ခဲ့သလို အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံနှင့်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်၍ ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်အောင် စီစဉ်လျက်ရှိပါတယ်။ ပထမအချက်အနေနဲ့ ဖရူဆို၊ ဘောလခဲ၊ ဖာဆောင်း၊ ရှားတော၊ မဲ့စဲ့မြို့နယ်များမှာ Auto Exchange Telephone များတပ်ဆင်ပေးရန်လိုအပ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ဒီမောဆို၊ ဖရူဆို၊ ဘောလခဲ၊ ဖာဆောင်း၊ မဲ့စဲ့၊ ရှားတော၊ ရွာသစ်မြို့နယ်ခွဲ၊ မော်ချီးတိုက်နယ်၊ လွိုင်လင်လေးတိုက်နယ်၊ ဆီးဘူးတိုက်နယ်များကို Mobile Telephone များတပ်ဆင်ပေးရန် လိုအပ်လျက်ရှိပါတယ်။ Mobile Telephone တပ်ဆင်မှုနှင့်ပတ်သက်ပြီးကြားသိရတာကတော့ Mobile စခန်းတစ်ခုမှာ Mobile Telephone အလုံးရေ ၃၀၀၀ အထိတပ်ဆင်နိုင်ပြီး Mobile Telephone အလုံးရေ ၂၀၀၀ အထက်ရောင်းရမှသာ တပ်ဆင်ပေးနိုင် တယ်လို့ကြားသိရပါတယ်။ အဲ့ဒီလို သတ်မှတ်ရင်တော့ ဖွံ့ဖြိုးမှုနည်းပါးတဲ့ ကျွန်တော်တို့ပြည်နယ်မှ မြို့နယ်များဟာ Mobile Telephone နဲ့အလှမ်းဝေးနိုင်ပါတယ်။ Mobile Telephone များတပ်ဆင်ပေးပြီးသုံးစွဲလို့ရရင် နှစ်အနည်းငယ်အတွင်း သတ်မှတ်အလုံးရေပြည့်မီကျော်လွန်အောင်ရောင်းသွားရနိုင်ပါတယ်။ Mobile Telephone ရဲ့အဓိကအကျိုးအမြတ်ဟာ ကနဦးတပ်ဆင်ခမဟုတ်ဘဲ ဖုန်းသုံးစွဲမှုဝင်ငွေမှအဓိက ရရှိခြင်းဖြစ်ပါတယ်။ ဖုန်းသုံးစွဲသူများလာတာနှင့်အမျှ ဖုန်းသုံးစွဲမှုဝင်ငွေပိုမိုရရှိလာနိုင်ပါတယ်။ သို့ပါ၍ ပြည်နယ်အတွင်းဖြစ်ပေါ်လာမယ့် စီးပွားရေး၊ ကုန်သွယ်ရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်အတွင်း တယ်လီဖုန်းဆက်သွယ်မှုစနစ် ပိုမိုလျင်မြန်ကောင်းမွန်လာစေရေး အမြန်ဆုံးဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိသိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ယနေ့အစည်းအဝေးကိုကြွရောက်လာကြတဲ့ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာပထမဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းသန်းဖြစ်ပါတယ်။ ကယားပြည်နယ်၊ ဖာဆောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်တင်ရဲ့ ကယားပြည်နယ်အတွင်း တယ်လီဖုန်းဆက်သွယ်မှုစနစ်ပိုမိုလျင်မြန်ကောင်းမွန်လာစေရေး အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ကျွန်တော်တစ်ပိုဒ်ချင်း ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ပထမအပိုဒ်အနေနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေရရှိသဖြင့် ကလော-လွိုင်ကော် ဒီဂျစ်တယ်မိုက်ခရိုဝေ့ဆက်ကြောင်းကို ခေတ်မီဆက်သွယ်ရေးစနစ်များဖြင့် ချိတ်ဆက်အသုံးပြုနိုင်တဲ့ Gigabite Ethernent IP ဆက်ကြောင်းအဖြစ်ပြောင်းလဲတပ်ဆင်သွားရန် စက်ပစ္စည်းများ ဝယ်ယူရေးစီစဉ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒါ့အပြင် လွိုင်ကော်မြို့မှာ အင်တာနက်သုံးစွဲမှုပိုမိုမြန်ဆန်စေဖို့အတွက် 3G UMTS Node B တစ်ခုတပ်ဆင်ဖို့လည်းစီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ Semi Auto Exchange များတပ်ဆင်ထားတဲ့ ဖရူဆို၊ ဘောလခဲ၊ ဖာဆောင်း၊ ရှားတောမြို့များနှင့် Magneto Exchange တပ်ဆင်ထားတဲ့ မဲ့စဲ့မြို့နယ်များမှာ Auto Exchange များတပ်ဆင်ပေးရန်အတွက် Power Supply ဆောင်ရွက်နိုင်မှုအနေအထား၊ Transmission ရရှိနိုင်မှုအခြေအနေနှင့် ဘဏ္ဍာငွေရရှိမှုတို့ကို တွက်ချက်နေပြီဖြစ်ပါတယ်။ ဒါနှင့်ပတ်သက်လို့လည်း ဆက်လက်ဆောင်ရွက်သွားဖို့အစီအစဉ် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ အထက်ပါတင်ပြခဲ့တဲ့မြို့များနှင့် မြို့သစ်မြို့နယ်ခွဲ၊ မော်ချီးတိုက်နယ်၊ လွိုင်လင်လေးတိုက်နယ်၊ ဆီဘူးတိုက်နယ်များတွင် မိုဘိုင်းလ်တယ်လီဖုန်းတပ်ဆင်ပေးနိုင်ဖို့သုံးစွဲကြမည့်လူဦးရေ၊ Power Supply ရရှိနိုင်မှု၊ ဒေသလုံခြုံရေးအခြေအနေတို့ကို သက်ဆိုင်ရာပြည်နယ်မန်နေဂျာကို သက်ဆိုင်ရာပြည်နယ်အစိုးရရဲ့ ညွှန်ကြားချက်ကိုရယူပြီး ကျွန်တော်တို့ အသေးစိတ်စိစစ် ပြန်လည်တင်ပြခိုင်းထားပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့ တင်ပြချက်

အပေါ်မှာ ဦးစားပေးအလိုက် ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများမှ ကျွန်တော့်ကို ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ယခုကဲ့သို့ဆွေးနွေးခွင့်ရတဲ့အတွက် ဆွေးနွေးပေးကြတဲ့အတွက်လည်း အထူးကျေးဇူးတင်ပါတယ်။ နောက်နောင်တွင်လည်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတွေနှင့်စပ်လျဉ်းပြီး သိရှိလိုတာတွေ၊ ဆွေးနွေးလိုတာတွေ၊ အကြံပြုလိုတာတွေနှင့်ပတ်သက်လို့လည်းစာနဲ့ပဲဖြစ်ဖြစ်၊ ဖုန်းနဲ့ပဲဖြစ်ဖြစ် မိမိတို့အဆင်ပြေတဲ့အချိန်ကာလတိုင်းမှာ ဆက်သွယ်ဆောင်ရွက်နိုင်ကြပါကြောင်း လေးစားစွာဖြင့် အသိပေးဖိတ်ခေါ်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလတွင် နိုင်ငံတော်သမ္မတက အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံးနှင့်ပူးပေါင်း ဆောင်ရွက်ရန် မိန့်ကြားခဲ့ပြီးဖြစ်၍ အရပ်ဘက်လူ့အဖွဲ့အစည်းတွင်ပါဝင်သည့် အစိုးရ မဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ ဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီသော အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံတော်သမ္မတက အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် မိန့်ကြားခဲ့ပြီးပြီဖြစ်၍ အရပ်ဘက်လူ့အဖွဲ့အစည်းများတွင် ပါဝင်သည့် အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ ဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီသော အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို ဦးစတီဖန်၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၇) ရက်မြောက်နေ့မှာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့် အဆိုတင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံဒီမိုကရေစီ အသွင်ကူးပြောင်းမှုကာလတွင် နိုင်ငံတော်သမ္မတက အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် မိန့်ကြားခဲ့ပြီးဖြစ်၍ အရပ်ဘက်လူ့အဖွဲ့အစည်းတွင်ပါဝင်သည့် အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များ ဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီသော အစိုးရမဟုတ်သော လူ့အဖွဲ့အစည်းများ (NGO) များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို အပြုသဘောဖြင့် အကြောင်းပြချက်များနဲ့ ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ သုံးသပ်မိတာက အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဥပဒေအမှတ် (၆/၈၈) ပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် ထပ်မံ၍ ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန်မဟုတ်ဘဲ ဥပဒေပြဋ္ဌာန်းချက်ပါ အားသာချက်၊ အားနည်းချက်ကို အကြောင်းပြုပြီး ပြင်ဆင်သင့်တဲ့အပိုင်းကို ပြင်ဆင်နိုင်ရန် အပြုသဘောနဲ့ ဆွေးနွေးတင်ပြလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဟာ ၁၉၈၈ ခုနှစ်မှာ ဥပဒေ ၁၁ ခု၊ နည်းဥပဒေ ၁ ခု၊ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့် ၃ ခု၊ အမိန့် ၉ ခု၊ ကြေညာချက်များ ၈ ခု ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွှန့် တင်သွင်းလိုတဲ့အဆိုဟာ ဥပဒေအမှတ် (၆/၈၈) အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေနှင့် သက်ဆိုင်နေကြောင်း လေ့လာသုံးသပ်မိပါတယ်။ ကျွန်တော့်ရဲ့ရှေ့က ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်အချို့လည်း ဒီအချက်နဲ့ ပတ်သက်ပြီး ထောက်ပြခဲ့ပြီး ဖြစ်ပါတယ်ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၅ မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များကို

လည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကိုလည်းကောင်း ဆက်ခံသည်လို့ အတိအလင်း ပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံတော်အစိုးရဟာ ဥပဒေအမှတ် (၆/၈၈) ကို ဆက်ခံသူဖြစ်ကြောင်း ငြင်းနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဥပဒေပြုရေးအာဏာကို ရရှိထားသူကိုယ်စားလှယ်များဟာလည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ရဲ့ ဆောင်ရွက်ချက်များကို ဆက်ခံသူများဖြစ်ကြတာ ငြင်းနိုင်မယ်မဟုတ်ပါဘူးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆ တွင် တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည် ဖြစ်သည်ဟု ပြဋ္ဌာန်းထားချက်အရ ဥပဒေအမှတ် (၆/၈၈) ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်ကြောင်း ဘယ်သူကမှ သက်သေပြနိုင်ခြင်းမရှိလို့ ပြည်ထောင်စုလွှတ်တော်ကလည်း ပယ်ဖျက်ထား ခြင်းမရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ဥပဒေအမှတ် (၆/၈၈) ဟာ ယနေ့တိုင် အတည်ဖြစ်လျက်ရှိပါတယ်ခင်ဗျား။ ဒါကြောင့် အကြောင်းအချင်းအရာတစ်ခုတည်းနဲ့ စပ်ဆိုင်ပြီး ပြဋ္ဌာန်းဥပဒေရှိလျက်နဲ့ နောက်ထပ်ပြီးတော့ ဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းလို့မရပါဘူး။ ဥပဒေနှစ်ခုဟာ တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေမှာဖြစ်လို့ ပဋိပက္ခဖြစ်စေနိုင်ပါတယ်။ မည်သို့မှ ကျင့်သုံးနိုင်မှာမဟုတ်ပါလို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်ခင်ဗျာ။ NGO များဖွဲ့စည်းခြင်းဟာ ကောင်းသောရည်ရွယ်ချက်ရှိတဲ့အတွက် အလေးထားလက်ခံရမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများကလည်း ရှုထောင့်အမျိုးမျိုးနဲ့ အားပါးတရဆွေးနွေးသွားကြတာ အားရဝမ်းသာ ဖြစ်ရပါတယ်ခင်ဗျား။ ဒါပေမယ့် မူလဥပဒေ ပြဋ္ဌာန်းပြီး အတည်ဖြစ်လျက်ရှိနေချိန်မှာ ဥပဒေအသစ် ထပ်မံပြဋ္ဌာန်းခြင်းကတော့ မဖြစ်နိုင်တဲ့အတွက် ဝမ်းနည်းစရာပါပဲ။ အသစ်ပြဋ္ဌာန်းချက် မပြုနိုင်ပေမယ့် အားနည်းချက်များ၊ မှားယွင်းချက်များကို ရှာဖွေဖော်ထုတ်ပြီး မူလရှိပြီးသား ဥပဒေအမှတ် (၆/၈၈) ကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းလိုက်မယ်ဆိုရင် နိုင်ငံနဲ့ နိုင်ငံသားများအတွက် များစွာအကျိုးရှိလာမယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်ခင်ဗျာ။ တံခါးဖွင့်ရင် လေကောင်းလေသန့်ဝင်လာနိုင်သလို အဆိပ်သင့်တဲ့ လေလည်းဝင်လာနိုင်ပါတယ်။ ဆိုလိုတာက အကျိုးအပြစ်နှစ်မျိုးလုံးတပြိုင်နက်ရရှိမှာ ကိုဆိုလိုခြင်း ဖြစ်ပါတယ်။ လူတစ်စုကိုသာ အကျိုးပြုပြီး နိုင်ငံနှင့်နိုင်ငံသားများ အများပြည်သူများ အကျိုးယုတ်စေမယ်ဆိုရင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးလာမှာဖြစ်လို့ စိုးရိမ်စရာဖြစ်မိပါတယ်ခင်ဗျား။ ဒါ့အပြင် အသင်းအဖွဲ့ ဖွဲ့စည်းခြင်းကို အကြောင်းပြုပြီး နိုင်ငံရေးကိုခုတုံးလုပ် အမြတ်ထုတ်မှာကိုလည်း

မလိုလားအပ်ပါဘူးခင်ဗျား။ ဘယ်လိုအမြတ်ထုတ်သလဲဆိုတာကို သာဓကတစ်ခုနှင့် တင်ပြလိုပါတယ်။ မကြာသေးမီက အိန္ဒိယနိုင်ငံမှာ ရုရှားနှင့်ဖက်စပ်လုပ်တဲ့ လျှပ်စစ်လုပ်ငန်းတစ်ခုမှာ ဒေသခံများဆန္ဒပြကြောင်းနဲ့ အဲသလိုဆန္ဒပြဖို့နောက်ကွယ်မှာ NGO နှစ်ဖွဲ့က ငွေပေးပြီး ခိုင်းစေတယ်လို့ကြားမိတဲ့အတွက် ဒီလိုဆူပူလှုံ့ဆော်မှုဖြစ်အောင် ထောက်ပံ့မှုမျိုး နိုင်ငံရေးအမြတ်ထုတ်မှာကိုလည်း စိုးရိမ်မိပါတယ်ခင်ဗျား။ ဒါကြောင့် ဥပဒေအမှတ် (၆/၈၈) ကိုပြင်ဆင်မယ်ဖြည့်စွက်မယ်ဆိုရင် အထူးဂရုစိုက်ဖို့လိုမှာဖြစ်ပါတယ်။ အကြံပြုလိုတာက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ ဆန်းစစ်လေ့လာသုံးသပ်ရေးကော်မရှင်နှင့် ဥပဒေကျွမ်းကျင်သူများ ကအထူးလေ့လာပြီးတော့ ဥပဒေအမှတ် (၆/၈၈) ကိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုသင့်ပါတယ်လို့ အကြံပြုဆွေးနွေး တင်ပြလိုပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ လေ့လာမိသလောက် ဥပဒေမှတ် (၆/၈၈) မှာ မှတ်ပုံတင်ခြင်း သိန်းချီပေးရမယ်လို့ မသိရှိရပါဘူး။ တောင်းသူရဲ့ တာဝန်သာဖြစ်တယ်လို့ယူဆမိပါတယ်။ ထို့အပြင် တချို့ ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များ မှတ်ပုံတင်ခွင့်မရခြင်းဟာလည်း ဘာသာသာသနာရေးသက်သက် လုပ်ဆောင်တဲ့အသင်းအဖွဲ့များ မှတ်ပုံတင်ခွင့် လျှောက်ထားစရာမလိုပါဘူး။ ထို့အတူ NGO များ စီးပွားရေးသက်သက်ကိုသာ လုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် အသင်းအဖွဲ့ဖြစ်မယ်ဆိုရင် မှတ်ပုံတင်စရာမလိုလို့ မှတ်ပုံမတင်ခြင်းမျိုး ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆမိပါတယ်။ အချို့သောကိစ္စရပ်များဖြစ်တဲ့ မှတ်ပုံတင်ရရန်ခက်ခဲခြင်း၊ ကြန့်ကြာခြင်း၊ ငွေကုန်ကြေးကျများခြင်း ကိစ္စများကိုလည်း ပြုပြင်သင့်လျှင် ပြုပြင်ဖို့ကိုလည်း ကျွန်တော့်အနေနဲ့ လက်ခံမိပါတယ်ခင်ဗျား။ ဒါကြောင့် အစိုးရမဟုတ်သော NGO များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ တစ်ရပ် ပြဋ္ဌာန်းမည့်အစား ရှိပြီးသားဥပဒေအမှတ် (၆/၈၈) ကို ပြန်လည်ပြင်ဆင်သင့်ကြောင်း ဤလွှတ်တော်မှ တိုက်တွန်းသည့်အဆိုဖြစ်သင့်သည်ဟု အကြံပြုဆွေးနွေး တင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်စုစုလွင်၊ သုံးခွမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်စုစုလွင် (သုံးခွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များကို မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ကျွန်မဦးစွာပထမဆုတောင်း မေတ္တာပို့သပါတယ်။ ကျွန်မအနေနဲ့ကတော့ ဦးသိန်းညွန့်တင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးဖို့ ဖြစ်ပါတယ်။ NGO ကိစ္စနှင့်ပတ်သက်ပြီးတော့ မနေ့က ဆွေးနွေးခဲ့တဲ့ကိုယ်စားလှယ်များက အတော်ပြည့်ပြည့်စုံစုံ ဆွေးနွေးပြီးဖြစ်ပါတယ်။ ကျွန်မအနေနဲ့

တချို့ဆွေးနွေးပြီးသားအချက်တွေကို တကယ်အရေးကြီးတယ်လို့ ယုံကြည်မိတဲ့အတွက် ထပ်မံထည့်သွင်းဆွေးနွေးပါရစေ။ ဒီကနေ့ မြန်မာနိုင်ငံမှာ အစိုးရမဟုတ်တဲ့အဖွဲ့အစည်း(NGO) ဆိုတာကို မနေ့ကလည်းဆွေးနွေးသွားသလို များသောအားဖြင့် လူသားချင်းစာနာတဲ့ လူမှုအထောက်အကူပြု ဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းလုပ်ဆောင်နေတဲ့ အဖွဲ့အစည်းများ ဒီ့အပြင်ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်တဲ့ အထောက်အကူပြုလုပ်ငန်းများနှင့် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းစတဲ့လုပ်ငန်းတွေကို လုပ်ဆောင်ပေးနေတဲ့ အဖွဲ့အစည်းတွေလို့နားလည်နေကြတာလို့ ကျွန်မယူဆမိပါတယ်။ တကယ်တော့ NGO ဆိုတာ ဒီထက်မက ကျယ်ပြန့်တဲ့သဘောသဘာဝရှိတဲ့ အခေါ်အဝေါ်ဖြစ်ပါတယ်။ ဒီအသုံးအနှုန်းနှင့်ပတ်သက်ပြီး အများကတညီတညွတ်တည်း လက်ခံသဘောတူကြတဲ့ အဓိပ္ပာယ်သတ်မှတ်ချက် မရှိသေးဘူးဆိုတာ မနေ့က ကိုယ်စားလှယ်တစ်ဦး ပြောသွားတာလည်း မှန်ပါတယ်။ ဒါကြောင့် NGO ဆိုတဲ့အသုံးအနှုန်းကို ရည်ညွှန်းသုံးစွဲတဲ့အခါမှာ နိုင်ငံအလိုက်ပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းအလိုက်ပဲဖြစ်ဖြစ် ကွဲပြားမှုတွေရှိနေတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒီမိုကရေစီရှင်သန်ခိုင်မြဲတဲ့ နိုင်ငံတွေရဲ့ လက္ခဏာတစ်ရပ်ဖြစ်တဲ့ CSO (Civil Society Organization) လို့ခေါ်တဲ့ လူထုအခြေပြု ဒါမှမဟုတ် အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုတဲ့ အသုံးအနှုန်းနဲ့လည်း အလားတူသဘောဆောင်သည့်အနေနဲ့လည်း သုံးစွဲခဲ့တာတွေကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီ NGO ဆိုတဲ့အသုံးအနှုန်းဟာ ၁၉၃၀ ခုနှစ် ပတ်ဝန်းကျင်က စတင်ပေါ်ပေါက်ခဲ့တယ်လို့ ကျွန်မသိရှိထားပါတယ်။ ဒါပေမယ့် ဒီစကားအခေါ် အဝေါ်ကို ၁၉၄၅ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ United Nation အဖွဲ့အစည်းကြီးပေါ်ပေါက်လာချိန် ကစပြီးတော့မှ တွင်တွင်ကျယ်ကျယ် သုံးစွဲလာတာဖြစ်ပါတယ်။ UN ကဦးစီးကျင်းပတဲ့ ညီလာခံအစည်းအဝေးတွေမှာ အဖွဲ့ဝင်နိုင်ငံ အစိုးရကိုယ်စားလှယ်များသာမက အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများက ပုဂ္ဂိုလ်တွေကိုလည်း အစည်းအဝေးလေ့လာသူ Observer တွေအနေနဲ့ ပါဝင်တက်ရောက်စေတဲ့အတွက် NGO ဆိုတဲ့အသုံးအနှုန်းကို အများကသိလာတာဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ် ဘေကျင်းမှာကျင်းပခဲ့တဲ့ The Fourth World Conference on women စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများညီလာခံမှာဆိုရင် NGO အဖွဲ့အစည်းအဝေးတစ်ရပ်ကို သီးခြား NGO Forum For women ဆိုပြီး နိုင်ငံအစိုးရအဖွဲ့ဝင်များတက်ရောက်နေကြတဲ့ ညီလာခံနှင့်အတူ ယှဉ်ပြိုင်ကျင်းပခဲ့ပါတယ်။ အဲဒီနှစ်ပိုင်းလောက်ကစပြီး နိုင်ငံအတော်များများမှာ NGO တွေကို သူ့အတိုင်းအတာနှင့်သူ၊ သူ့နေရာနှင့်သူ နိုင်ငံရေးအတွေးအမြင်ပြောင်းလဲရေး၊ တိုးတက်မြင့်မားရေး၊ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းနယ်ပယ်များမှာ နိုင်ငံအဆင့် အဖွဲ့အစည်း

များနည်းတူ အားကောင်းတဲ့ အင်အားတစ်ရပ်အနေနဲ့ လက်ခံလာကြပါတယ်။ ဒါကြောင့် တစ်နေ့တခြား အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများမှာဆိုရင် NGO တွေကို လုပ်ပိုင်ခွင့်တွေ၊ တရားဝင် လုပ်ကိုင်နိုင်တဲ့ အခွင့်အလမ်းတွေတိုးပြီးပေးလာကြတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာတော့ ကျွန်မအနေနဲ့ အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ရင် NGO အဖွဲ့အစည်းလုပ်ပိုင်ခွင့်တွေ နည်းပါးနေ သေးတာကို တွေ့ရပါတယ်လို့ပြောပါရစေ။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့တော့ မြန်မာနိုင်ငံမှာ NGO လုပ်ငန်းများကို အခုထက်မက ပိုမိုပီပြင်ပြတ်သားတဲ့ လုပ်ကိုင်နိုင်ခွင့်ဥပဒေအသစ်နှင့်အတူ လူမှုဖွံ့ဖြိုးရေးနှင့် နိုင်ငံတိုးတက် ပြောင်းလဲရေးလုပ်ငန်းများမှာ ပါဝင်လုပ်ဆောင်နိုင်ခွင့်ရရှိရေးကို အားပေးရန် တင်ပြမေတ္တာရပ်ခံ အပ်ပါတယ်။ စောစောကပြောခဲ့သလို NGO ကို အဓိပ္ပာယ်သတ်သတ်မှတ်မှတ် ဖွင့်ဆိုရတာ ခက်ခဲတယ်ဆိုပေမယ့် မနေ့ကလည်း ကိုယ်စားလှယ်တစ်ဦးတင်ပြပြီးသွားသလို အကြမ်းဖျင်းကြည့် မယ်ဆိုရင် လုပ်ကိုင်တဲ့လုပ်ငန်းကဏ္ဍအလိုက် NGO အမျိုးအစားများကို ခွဲခြားသတ်မှတ်နိုင်သလို အဆိုပါလုပ်ငန်းများကိုလုပ်ကိုင်တဲ့ အတိုင်းအတာအလိုက်လည်း ခွဲခြားလို့ရပါတယ်။ ဥပမာ လူမှု အခက်အခဲတွေကို လျှော့ပါးစေတဲ့ဝန်ဆောင်မှုနဲ့ ပစ္စည်းအကူအညီပေးတဲ့ NGO၊ ပညာရေး၊ ကျန်းမာရေးနဲ့ဆိုင်တဲ့ အထောက်အပံ့ပေးတဲ့ NGO၊ ဆင်းရဲနွမ်းပါးမှုကိုလျှော့ပါးစေပြီး ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးတည်လုပ်ကိုင်တဲ့ NGO၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လုပ်ကိုင်တဲ့ NGO စတဲ့ လုပ်ငန်းကဏ္ဍအလိုက်ခွဲထားတဲ့ NGO တွေရှိသလို ရပ်ရွာအခြေပြု၊ မြို့နယ်၊တိုင်း အခြေပြု၊ နိုင်ငံအခြေပြု သို့မဟုတ် နိုင်ငံတကာမှာအခြေစိုက်ပြီး NGO လုပ်ငန်းများကို လုပ်ဆောင်တဲ့ NGO စသည်ဖြင့် လုပ်ဆောင်တဲ့အဆင့် ပမာဏအပေါ်အခြေခံပြီးတော့လည်း ခွဲခြားသတ်မှတ်နိုင်တဲ့ NGO တွေရှိပါတယ်။ NGO လုပ်ငန်းတွေကို လုပ်တဲ့အခါမှာ လိုအပ်တဲ့ငွေကြေး၊ ရန်ပုံငွေကို မိမိပိုင် ငွေနဲ့လုပ်ကိုင်ကြတဲ့ မိုဟာမက်ယူးနစ်စ် ရဲ့ ရာမီးဘဏ်၊ ဂျော့စောရိုရဲ့ OSI (Open Society Institute) အဲဒီလို ခိုင်မာတဲ့အဖွဲ့အစည်းကြီးတွေရှိသလို ရန်ပုံငွေရှာပြီး ရည်ရွယ်ချက်နဲ့ အမြင်တူတဲ့ပုဂ္ဂိုလ်များ စုပေါင်းဖွဲ့စပ်ထားတဲ့လူမှုရေးလုပ်ငန်းများကို စေတနာ့ဝန်ထမ်းလုပ်ကိုင်ကြတဲ့ အဖွဲ့အစည်းတွေလည်း ရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာတော့ မိမိပိုင်ငွေထက် ရန်ပုံငွေရှာပြီးလုပ်ကိုင်ရမယ့် အဖွဲ့အစည်းမျိုးက ပိုပြီးများမယ်လို့ ကျွန်မယူဆမိပါတယ်။ အဲဒီလို ရန်ပုံငွေရှာလုပ်ရတဲ့အဖွဲ့အစည်းတွေ ရန်ပုံငွေသုံးစွဲတဲ့ အခါမှာ ပွင့်လင်းမြင်သာမှု (Transparency)၊ တာဝန်ခံနိုင်မှု (Accountability) တွေရှိဖို့ အလွန် အရေးကြီးပါတယ်။ ဒါကြောင့် NGO နဲ့ပတ်သက်တဲ့ ဥပဒေကိုရေးဆွဲရာမှာ ဒီအချက်တွေ ထည့်သွင်း

စဉ်းစားဖို့လိုပါလိမ့်မယ်လို့ ကျွန်မပြောပါရစေ။ ဒါ့အပြင် လုပ်ငန်းတွင်းစာရင်းစစ် (Internal Audit) လုပ်ငန်း ပြင်ပစာရင်းစစ်ခြင်း (External Audit) လုပ်ငန်းများကိုလည်း ပုံမှန်လုပ်ဆောင်သွားစေဖို့လည်းအရေးကြီးပါတယ်။ ဒီအချက်တွေကို အလေးပေးတင်ပြရတဲ့အကြောင်းကတော့ တချို့ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာဆိုရင် ရရှိလာတဲ့ရန်ပုံငွေတွေကို ပံ့ပိုးမှုပေးတဲ့အဖွဲ့အစည်းတွေရဲ့ ကြီးကြပ်လေ့လာမှု (Monetary and Evaluation) အားနည်းမှုကြောင့်ဖြစ်စေ၊ နိုင်ငံတွင်းအပြန်အလှန်ထိန်းချုပ်တဲ့စနစ် (Check and Balance Magnetism) အားနည်းမှုတို့ကြောင့်ဖြစ်စေ ရန်ပုံငွေအလွဲသုံးစားမှုတွေဖြစ်ခဲ့တဲ့ သာဓကတွေရှိပါတယ်။ ဒီလို ရန်ပုံငွေ အလဟဿဖြစ်ခဲ့ရတာတွေဟာလည်း သင်ခန်းစာယူစရာတော့ဖြစ်ပါတယ်။ တစ်ဖက်မှာကြည့်ပြန်ရင်လည်း NGO လုပ်ငန်းကို ထိန်းကျောင်းတည့်မတ်ပေးတဲ့ ဥပဒေရှိဖို့လိုအပ်သလို လုပ်ငန်းကိုထိရောက်အောင်မြင်အောင် လုပ်ကိုင်နိုင်တဲ့ လုပ်သာကိုင်သာတဲ့ Flexible ဖြစ်တဲ့ ဥပဒေမျိုးလည်း ဖြစ်ဖို့ဟာ အင်မတန်အရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီကိစ္စနှင့်တစ်ဆက်တည်းတင်ပြလိုတာကတော့ ဒီကနေ့ မြန်မာနိုင်ငံ လူမှုရေးလုပ်ငန်းနယ်ပယ်မှာ လုပ်ကိုင်နေတဲ့ အဖွဲ့အစည်းအတော်များများဟာ တရားဝင်သီးခြားရပ်တည်ပြီး လွတ်လွတ် လပ်လပ်လုပ်ငန်းမလုပ်နိုင်ကြတဲ့အတွက် UN အဖွဲ့အစည်းအမျိုးမျိုး ဒါမှမဟုတ် INGO လို့ခေါ်တဲ့ နိုင်ငံတကာ NGO တွေရဲ့အရိပ်ကိုမှီပြီး အလုပ်လုပ်နေကြတာကို တွေ့ရပါတယ်။ အဲဒီအချိန်မှာ ရလာတဲ့ရန်ပုံငွေတွေဟာ အကျိုးဖြစ်စေချင်တဲ့ ရည်ရွယ်ထားတဲ့ ပုဂ္ဂိုလ်တွေဆီကို အပြည့်အဝ မရောက်နိုင်တာတွေ့နေရပါတယ်။ ကျွန်မအတွေ့အကြုံကို ပြောရမယ်ဆိုရင် ပုဂ္ဂလိကအလှူရှင်အကူအညီပေးတဲ့အခါ ကျွန်မတို့ဆီမှာ လွတ်လွတ်လပ်လပ်ဖွဲ့စည်းထားနိုင်တဲ့ NGO အရေအတွက်နည်းနေတဲ့အတွက်ရယ်၊ နည်းပညာပါ အားနည်းနေသေးတဲ့အတွက်ရယ်၊ ပြည်ပမှာ ပံ့ပိုးမှုတွေရလာတဲ့ အခါ UN အဖွဲ့အစည်းကြီးများကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းတွေကိုပဲ ရောက်သွားတတ်ပါတယ်။ သာဓကအနေနဲ့ပြောရမယ်ဆိုရင် တစ်ချိန်မှာ ပညာရေးဖွံ့ဖြိုးမှုအတွက် ရည်ရွယ်တဲ့ အထောက်အပံ့ စီမံကိန်းတစ်ခုဟာ UNDP အဖွဲ့ကိုရောက်သွားပြီးတော့ UNDP ဟာ ပညာရေးလုပ်ငန်းကို အထူးပြုတိုက်ရိုက်လုပ်ကိုင်တဲ့ အဖွဲ့အစည်းမဟုတ်တဲ့အတွက် ယူနက်စကိုအဖွဲ့ကို တစ်ဆင့် လက်တွဲခေါ်ယူပြီးလုပ်ငန်းလုပ်ပါတယ်။ တစ်ခါ ယူနက်စကိုကတစ်ဆင့် တတိယအဖွဲ့အစည်းဖြစ်တဲ့ နိုင်ငံတကာ INGO အဖွဲ့နဲ့ ပူးတွဲပြီး ထပ်ဆင့်စီမံကိန်းအကောင်အထည်ဖော်ပါတယ်။ နောက်ဆုံးမှာ တတိယအဖွဲ့အစည်းဖြစ်တဲ့ INGO ဟာ အခြေခံအဆင့်လို့ သတ်မှတ်တဲ့ တိုက်ရိုက်အလုပ်လုပ်နိုင်မယ့် ပြည်တွင်းအဖွဲ့အစည်းတစ်ခုနဲ့ Contract စနစ်နဲ့ အလုပ်အပ်နှံပါတယ်။ အဲဒီလို

လုပ်ငန်းကို အဆင့်ဆင့်လက်လွှဲလုပ်ကိုင်ကြတဲ့အခါမှာ ပါဝင်တဲ့အဖွဲ့အစည်းတွေဟာ သူတို့တွေရဲ့ ဝန်ဆောင်မှုအတွက် စီမံကိန်းဝင်အပေါ်မှာ စီမံကိန်းအတွက် ရတဲ့ငွေပေါ်မှာ ၁၀ ရာခိုင်နှုန်းက နေပြီးတော့ ၁၄ ရာခိုင်နှုန်းလောက်အထိ အသီးသီးယူကြပါတယ်။ ဒါကြောင့် ပြည်တွင်း NGO များသာ တရားဝင် အလုပ်လုပ်ကိုင်နိုင်ကြမယ်ဆိုရင် ဖွံ့ဖြိုးမှုအတွက် ရလာမယ့်အထောက်အပံ့တွေကို တိုက်ရိုက်လက်ခံရယူနိုင်မှာဖြစ်ပြီး ရန်ပုံငွေများဆုံးရှုံးမှုလျော့နည်းပြီးတော့ တိုင်းပြည်အကျိုးအတွက် ပိုမိုအသုံးပြုနိုင်မယ်ဆိုတာကို တင်ပြရင်းနဲ့ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့အဆိုကို ကျွန်မထောက်ခံပါကြောင်း ပြောလိုပါတယ်ရှင်။ ကျေးဇူးတင်ပါ တယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့မြန်မာနိုင်ငံမှာ အစိုးရမဟုတ်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း NGO များရဲ့အခန်းကဏ္ဍဟာ နိုင်ငံတော်ရဲ့ နေရာစုံ၊ အလွှာစုံမှာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ဝင်ရောက် နေရာယူလုပ်ကိုင်လျက်ရှိပါတယ်။ ထို့အတူ ကမ္ဘာပေါ် မှာလည်း NGO များရဲ့အခန်းကဏ္ဍဟာ တစ်နေ့တခြားကြီးထွားလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ အရပ်ဘက်လူ့အဖွဲ့အစည်း NGO များလို့ ဆိုတဲ့နေရာမှာ (၁) နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ INGO များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအလှူရှင်များ စတဲ့အဖွဲ့ များထံမှ ငွေကြေးရယူပြီး အချိန်ပြည့်ဝန်ထမ်းများငှားရမ်းပြီး စီမံကိန်းများချပြီးဆောင်ရွက်နေတဲ့ ပြည်တွင်းအစိုးရမဟုတ်တဲ့အဖွဲ့အစည်း Local NGO များ၊ (၂) အခြားနိုင်ငံများမှာ သင်းဖွဲ့မှတ်ပုံ တင်ထားပြီး မြန်မာနိုင်ငံမှာ ဌာနေကိုယ်စားလှယ်များ၊ အချိန်ပြည့်ဝန်ထမ်းများငှားရမ်းပြီး စီမံချက် စီမံကိန်းများချမှတ်ဆောင်ရွက်နေတဲ့ နိုင်ငံတကာအစိုးရ မဟုတ်တဲ့အဖွဲ့အစည်း INGO များဆို ပြီးတော့ သုံးစွဲပြီးတော့လုပ်ကိုင်နေပါတယ်။ ကမ္ဘာပေါ်မှာကတော့ အစိုးရမဟုတ်တဲ့ လူ့အဖွဲ့အစည်း ပေါင်းများစွာဟာ နာမည်အမျိုးမျိုးနဲ့ရှိပြီးတော့မှ လုပ်ကိုင်နေတာတွေရှိနေပါသေးတယ်။ မြန်မာ

နိုင်ငံမှာ INGO နာမည်တပ်ပြီး သုံးစွဲလုပ်ကိုင်နေတဲ့အဖွဲ့ဟာ ၅၃ ဖွဲ့ရှိပြီး လုပ်ငန်းစီမံချက်စုစုပေါင်းဟာ ၆၇ ခုရှိတယ်လို့ ၂၀၀၆ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အထိ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်းကိုလည်း သိရှိရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း Local NGO နှင့် CSO များအနေနဲ့ကတော့ အဖွဲ့ပေါင်း ၁၀၀၀ ခန့်ရှိတယ်လို့ အဆိုရှင်ရဲ့အဆိုအရ သိရပါတယ်။ ဒီလို NGO နှင့် CSO တွေဟာ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကဏ္ဍစုံနှင့် နယ်ပယ်စုံမှာဆောင်ရွက်တဲ့နေရာမှာ တချို့ အဖွဲ့အစည်းတွေဟာ စတင်ဖွဲ့စည်းလုပ်ကိုင်စဉ်က ဥပမာအနေနဲ့ဆိုရင် နာရေးကူညီမှုအသင်းကို ဖွဲ့စည်းပြီးတဲ့နောက်မှာ နာရေးကိစ္စတွေကိုဆောင်ရွက်ပေးပါတယ်။ နာရေးဖြစ်တဲ့သူတွေကို ကူညီစောင့်ရှောက်ပေးတဲ့ လုပ်ငန်းတွေလုပ်ပါတယ်။ အဲ့ဒီလို လုပ်နေရင်းကနေ နာရေးကူညီမှုလုပ်တဲ့နေရာမှာ ဒီလိုနာရေးတွေဖြစ်ရတာဟာ ဘာကြောင့်လဲဆိုရင် ကျန်းမာရေးနှင့်ပတ်သက်လို့မို့ စောင့်ရှောက်မှုတွေ လုံလောက်စွာမရတာနောက်တစ်ခုက ကျန်းမာရေးရဲ့အသိပညာတွေအားနည်းလို့ ဖြစ်ရတယ်ဆိုတာတွေကိုတွေ့လာရတဲ့အခါကျတော့ ကျန်းမာရေးအသိပညာပေးတဲ့လုပ်ငန်းတွေကို လုပ်ကိုင်လာပြန်ပါတယ်။ ဆေးခန်းတွေကိုဖွင့်ရပါတယ်။ ဆေးကုသမှုတွေကိုပေးပါတယ်။ အဲ့ဒီလို ကူညီစောင့်ရှောက်မှုလုပ်ငန်းတွေကို ထပ်ပြီးလုပ်ရပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေ လုပ်ရင်းကနေပြီးတဲ့နောက်မှာမှ အသိပညာပေးတဲ့ သင်တန်းတွေ၊ ဟောပြောပွဲတွေ၊ အင်္ဂလိပ်စာသင်တန်းတွေ၊ ကွန်ပျူတာသင်တန်းတွေ၊ IT နည်းပညာသင်တန်းတွေအထိဖွင့်လှစ်ပြီး နိုင်ငံတကာနဲ့ချိတ်ဆက်နိုင်တဲ့ လူမှုကွန်ရက်တွေထူထောင်တဲ့အထိ ကျယ်ပြန့်စွာအကျိုးပြုလာနိုင်တာတွေကို ကျွန်မတို့တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဒီမိုကရေစီနိုင်ငံရေးမှာ အစိုးရမဟုတ်သော NGO များနှင့် လူမှုအဖွဲ့အစည်းများ CSO တို့ရဲ့အခန်းကဏ္ဍတွေဟာ မရှိမဖြစ်လိုအပ်ကြောင်း နိုင်ငံရေးသိပ္ပံပညာရှင်များနှင့် သုတေသီအများအပြားကအတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ကျွန်မတို့ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၅၄ မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ဥပဒေများနှင့်မဆန့်ကျင်လျှင် ပုဒ်မ ၃၅၄ အပိုဒ်ခွဲ (ဂ) အရ အသင်းအဖွဲ့သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ ဖွဲ့စည်းတည်ထောင်မှုနှင့်ပတ်သက်ပြီးတော့ ဥပဒေများပြဋ္ဌာန်းတဲ့နေရာမှာ NGO နှင့် CSO များလှုပ်ရှားရှင်သန်ရန် အားပေးထောက်ပံ့တဲ့ ဥပဒေ

များဖြစ်ရန် လိုအပ်သလို စည်းကမ်းစနစ်ကျနပြီး ထိန်းကျောင်းတဲ့သဘောထားများလည်း မျှတစွာ ပါဝင်ဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အသင်းအဖွဲ့များ မှတ်ပုံတင်လျှောက်ထားရာမှာဆိုရင်လည်း လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်တွေပေးသင့်ပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအား အသင်းအဖွဲ့များထူထောင်မှုနှင့်ပတ်သက်ပြီး ခွင့်ပြုနိုင်တဲ့အခွင့်အာဏာတွေ ပေးအပ်သင့်ပါတယ်။ မြန်မာနိုင်ငံမှာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများရဲ့လက်အောက်ရှိ မြို့နယ် အုပ်ချုပ်ရေးမှူးရဲ့ထံမှာ အသင်းအဖွဲ့များရဲ့လုပ်ကိုင်ဆောင်ရွက်နေတဲ့လုပ်ငန်းများ၊ လုပ်ကိုင်နေတဲ့ နေရာများကို အကြောင်းကြားရုံမျှဖြင့် လုပ်ကိုင်ခွင့်တွေပြုသင့်ပါတယ်။ ရပ်ရွာအခြေပြု လူမှု အဖွဲ့အစည်း CBO တစ်ခုဟာ အဖွဲ့အစည်းရဲ့အမည်၊ ရည်ရွယ်ချက်၊ အသင်းဥက္ကဋ္ဌရဲ့အမည်ကို အဖွဲ့ရဲ့လုပ်ငန်းတွေစတင်မလုပ်ဆောင်မီ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံမှာ ကြိုတင် အကြောင်းကြားရုံနဲ့ လုံလောက်သင့်ပါတယ်။ ထို့အပြင် ရပ်ရွာအခြေပြုအဖွဲ့တွေဟာ ပြည်နယ်၊ တိုင်းဒေသကြီး ခရိုင်ဒေသကြီးရဲ့လက်အောက်ရှိ ခရိုင်တစ်ခုအတွင်း မြို့နယ်အများအပြားမှာ လုပ်ကိုင်လာပါက ခရိုင်အုပ်ချုပ်ရေးမှူးထံ အဖွဲ့ရဲ့လုပ်ကိုင်နေတဲ့လုပ်ငန်းများကို အကြောင်းကြားရုံမျှ နဲ့လည်း လုပ်ကိုင်ခွင့်တွေပေးသင့်ပါတယ်။ ၎င်းကနေမှတစ်ဆင့် ပိုမိုကြီးထွားလာပြီး ပြည်နယ်၊ တိုင်းဒေသကြီးတစ်ခု လက်အောက်မှာရှိတဲ့ ခရိုင်နှင့် မြို့နယ်အများအပြားမှာလုပ်ကိုင်လာပြီဆိုပါက ပြည်နယ်၊တိုင်းဒေသကြီး အစိုးရနှင့်အုပ်ချုပ်ရေးမှူးများရဲ့ သဘောတူညီခွင့်ပြုချက်နှင့် လုပ်ကိုင်ခွင့် ရသင့်ပါတယ်။ အခြားပြည်နယ်များ၊ တိုင်းဒေသကြီးများနှင့် လူမှုကယ်ဆယ်ရေးလုပ်ငန်းများ ခေတ္တ ခဏသွားရောက် လုပ်ကိုင်ခြင်းမျိုးတွေမဟုတ်ဘဲနဲ့ လုပ်ငန်းတိုးချဲ့ခြင်းမျိုးလုပ်လာတဲ့အဖွဲ့တွေကိုတော့ ပြည်ထဲရေးဝန်ကြီးဌာနထံမှာ တရားဝင်မှတ်ပုံတင်လျှောက်ထားစေခြင်းဖြင့် ဗဟိုအဆင့်ရဲ့ချုပ်ကိုင်မှု လျှော့ချစေနိုင်တဲ့နည်းတူ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် အသင်းအဖွဲ့များအကြား ထိတွေ့ နားလည်သဘောပေါက်မှု၊ လက်တွဲလုပ်ကိုင်ဆောင်ရွက်နိုင်မှုကို ပိုမိုဖြစ်ထွန်းစေနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လက်ရှိအသင်းအဖွဲ့ ဖွဲ့စည်းခြင်းဥပဒေအရ အသင်းအဖွဲ့များဖွဲ့စည်းတဲ့နေရာမှာ အုပ်ချုပ်မှု ဒါရိုက်တာ ၅ ဦး ကနေ ၇ ဦးအထိပါဝင်ရမယ်လို့ပြောပါတယ်။ ဒါရိုက်တာဆိုတဲ့ အသုံးအနှုန်းဟာ ကျွန်မတို့ CBO လိုသေးငယ်တဲ့ ရပ်ရွာအခြေပြုလုပ်ငန်းတွေမှာ ဒါရိုက်တာရဲ့ လုပ်ပိုင်ခွင့်၊ ဒါရိုက်တာ တွေရဲ့လုပ်ဆောင်ရမယ့် သဘောထားတွေကို နားလည်မှုမရှိတဲ့အတွက်ကြောင့် ဒါရိုက်တာတွေလို့ သုံးနှုန်းမယ့်အစား အဖွဲ့ဝင်လို့သတ်မှတ်ပြီးတော့ ပြောင်းလဲမယ်ဆိုရင်ပိုပြီးတော့

အဆင်ပြေမှာဖြစ်ပါတယ်။ အဲ့ဒီ ဒါရိုက်တာအဖွဲ့ဆိုတဲ့လူတွေကလည်း နိုင်ငံရေးကင်းရှင်းရမယ်လို့ ခံဝန်ချက်ပေးရမယ်လို့ ဆိုပြီးပါရှိပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံရေးလုပ်တယ်ဆိုတာဟာ ပရဟိတ စိတ်ရှိတဲ့လူတွေမှ နိုင်ငံရေးကိုလုပ်တာပါ။ အဲ့ဒီတော့ ပရဟိတစိတ်ရှိတဲ့ လူတိုင်းဟာလည်း နိုင်ငံရေးမှာပါဝင်နေပါတယ်။ ကျွန်မတို့တစ်တွေဟာ ဒီလို ရပ်ရွာအခြေပြုအသင်းအဖွဲ့တွေပဲဖြစ်စေ၊ အဖွဲ့အစည်းတွေပဲဖြစ်စေ ဖွဲ့စည်းထူထောင်မယ်ဆိုရင် အဲ့ဒီ အဖွဲ့အစည်းအားလုံးမှာ နိုင်ငံရေးသမား၊ နိုင်ငံရေးအလုပ်လုပ်သူဆိုတာတွေကတော့ အမြဲတမ်းပါဝင်နေမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဒီအသုံးအနှုန်းဟာဆိုလို့ရှိရင် ခေတ်စနစ်နှင့်မဆီလျော်တဲ့အတွက်ကြောင့်မို့လို့ အခုရေးဆွဲမယ့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဆိုင်ရာဥပဒေမှာ ထည့်သွင်းခြင်းပြုပေးပါရန် ကျွန်မအနေနဲ့ အကြံပြုဆွေးနွေးလိုပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုလို့ရှိရင် ဥပဒေအရကန့်သတ်မှုတွေ ဖြစ်နေတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အဖွဲ့အစည်းများမှတ်ပုံတင်တဲ့နေရာမှာလည်း ပျမ်းမျှ ၆ လကနေ ၁ နှစ်၊ ထို့ထက်ပိုပြီး ကြန့်ကြာမှုတွေရှိနေတယ်ဆိုတာကိုလည်း ကျွန်မတို့တွေကြား သိနေရပါတယ်။ အဲ့ဒီအတွက်ကြောင့်မို့လို့ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဝန်ကြီးအဖွဲ့အထိ အဆင့်ဆင့်တင်ပြရတဲ့အတွက် မှတ်ပုံတင်တဲ့နေရာမှာ ဖြတ်သန်းရတဲ့အဆင့် တွေကိုလည်း လျှော့ချပြီးတော့ပေးသင့်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အနေနဲ့ မှတ်ပုံတင်လိုတဲ့ အဖွဲ့အစည်းအခြေအနေနှင့် လုပ်ဆောင်နေမှုတွေကို အသိရှိနိုင်ဆုံးဖြစ်တဲ့အတွက်ကြောင့်မို့လို့ သေချာစွာစိစစ်ပြီး ကန့်ကွက်ရန်မရှိပါက နေပြည်တော်အဆင့် ပြည်ထဲရေးဝန်ကြီးဌာနကို တိုက်ရိုက် မှတ်ပုံတင်လျှောက်ထားမှုပြုသင့်ကြောင်းကိုလည်း ဆွေးနွေးတင်ပြလိုပါတယ်။ ၎င်းအပြင် ဖွဲ့စည်းခွင့် လျှောက်ထားတဲ့နေရာမှာဆိုရင်လည်း ပါဝင်ရမယ့်အချက်များ၊ စာရွက်စာတမ်းများ၊ အထောက် အထားများအားလုံးကို ရှင်းလင်းတိကျစွာညွှန်ကြားပြီး လုပ်ငန်းအဆင့်ဆင့်ကိုလည်း ဥပဒေနှင့်အညီ တိကျစွာထည့်သွင်းဖော်ပြပေးစေလိုပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ မှတ်ပုံတင်ကြေးပေးသွင်းရန်ကိစ္စနှင့် ပတ်သက်လို့ တစ်နှစ်မှာ ၁ သိန်းနှုန်းနှင့် ၅ နှစ်စာအတွက် ၅ သိန်းကို ၁ ကြိမ်တည်းပေးသွင်း နေရကြောင်းလေ့လာတွေ့ရှိရပါတယ်။ ၅ သိန်းဆိုတဲ့ငွေပမာဏဟာ လူမှုကူညီထောက်ပံ့မှုလုပ်ငန်း တွေကို အလှူရှင်တွေရဲ့ လှူဒါန်းငွေဖြင့်လည်းကောင်း၊ ကိုယ်ပိုင်ထည့်ဝင်ငွေဖြင့်လည်းကောင်း၊ စီမံချက်၊ စီမံကိန်းများလုပ်ကိုင်ရန်ရန်ပုံငွေလျှောက်ထားပြီး လုပ်ကိုင်နေကြရတဲ့ အမြတ်အစွန်း ရရှိရေးကို ရှေးရှုခြင်းမဟုတ်တဲ့ ဒီလိုအဖွဲ့အစည်းတွေအနေနဲ့ဆိုရင် ဒီပမာဏဟာ အင်မတန်မှ

များလွန်းနေပါတယ်။ ရပ်ရွာအခြေပြုတဲ့ ဆွမ်းလောင်းအသင်းတွေလို၊ နောက်သွေးကူညီရေးအသင်းတွေလို ဒီလိုအသင်းမျိုးတွေ CBO တွေမှာဆိုရင် မှတ်ပုံတင်ကြေး ၅ သိန်းဆိုတဲ့ငွေကြေးဟာ အင်မတန်မှများပြားပါတယ်။ အဲ့တော့ ကျွန်မတို့တစ်တွေဟာ CBO တွေရဲ့အပေါ်မှာမှတ်ပုံတင်ကြေး ကောက်ယူခြင်းနှင့်ပတ်သက်လို့ ဒီလိုအဖွဲ့လေးတွေရဲ့အပေါ်မှာ မှတ်ပုံတင်ကြေးကိုယူသင့်သလား၊ မယူသင့်ဘူးလားဆိုတဲ့အချက်ကို ကျွန်မတို့စဥ်းစားရပါမယ်။ အကယ်၍များ မဖြစ်မနေမှတ်ပုံတင်ကြေးသွင်းမှ အသင်းအဖွဲ့အဖြစ်ထူထောင်ခွင့်ပြုမယ်ဆိုရင်လည်း မှတ်ပုံတင်ကြေးယူထားတာနှင့်အမျှ ဒီလိုအဖွဲ့ငယ်လေးတွေရဲ့အပေါ်မှာ ဘယ်လိုကာကွယ်စောင့်ရှောက်မှုတွေပေးမှာလဲ။ ဘယ်လိုထောက်ပံ့မှုတွေ ပေးမှာလဲဆိုတာကို ကျွန်မတို့တစ်တွေ စဥ်းစားဖို့ရာအချက်တစ်ခုအနေနဲ့ ကျွန်မအနေနဲ့တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ INGO လုပ်ငန်းများနှင့်ပတ်သက်ပြီးတော့လည်း ဆက်သွယ်ဆောင်ရွက်တဲ့နေရာမှာ အထူးအားဖြင့် ငွေကြေးဆိုင်ရာကိစ္စရပ်များ တိကျမှန်ကန်မှုရှိရေးနှင့် လူထုအကျိုးပြုရန် ရည်မှန်းတဲ့အဖွဲ့များရဲ့ အဖွဲ့ဝင်များအပေါ်မှာ အကျိုးပြုရန်ကိစ္စရပ်များ ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်မှုရှိမရှိကိုလည်း စိစစ်စောင့်ကြည့်ဖို့ရာဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ NGO များနှင့်ပတ်သက်ပြီး ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖို့ဆိုတဲ့အချက်ကတော့ ကျွန်မတို့အနေနဲ့ မငြင်းနိုင်တဲ့အချက်ပဲဖြစ်ပါတယ်။ သို့သော် မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းရှိ၊ မရှိကိုလေ့လာစောင့်ကြည့်တဲ့ယန္တရားတစ်ရပ်လည်းလိုအပ်ပါတယ်။ သို့မှသာ ဥပဒေဟာ သက်ဝင်ရှင်သန်လာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်ရဲ့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဟာ နိုင်ငံတော်ကတင်မဟုတ်ဘဲ သက်ဆိုင်ရာလူမှုအသင်းအဖွဲ့တွေ၊ ဖောင်ဒေးရှင်းတွေကပါ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဖို့လိုအပ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း မေလ ၁၁ ရက်နေ့မှာကျင်းပတဲ့ ဖွံ့ဖြိုးတိုးတက်ရေးပိုမိုထိရောက်စွာပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတစ်ခုတည်းအပေါ်မှာ မှီခိုအားထားပြီးဆောင်ရွက်တဲ့အစဥ်အလာကနေပြီး နိုင်ငံတကာရဲ့ အကူအညီအထောက်အပံ့၊ ချေးငွေနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကိုရယူအသုံးပြုပြီး ကဏ္ဍအလိုက်၊ ဒေသအလိုက် လုပ်ငန်းစီမံကိန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ရမယ်လို့ လမ်းညွှန်မှုပြုခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီအတွက်ကြောင့်မို့လို့ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတွေမှာ NGO, INGO, CSO နှင့် CBO တို့ရဲ့ အခန်းကဏ္ဍတွေရဲ့ ပူပေါင်းဆောင်ရွက်မှု စွမ်းပကားတွေဟာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပွင့်လင်းလူ့အဖွဲ့အစည်းမှာ ပါဝင်ပတ်သက်နေတဲ့အတွက်ကြောင့် ခေတ်နှင့်

လျော်ညီတဲ့ NGO များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ရေးဆွဲနိုင်ရန် လိုအပ်ကြောင်းနှင့် မူလအဆိုရှင်ရဲ့အဆိုကိုမူအားဖြင့် ထောက်ခံပါကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဝင်းမော်ထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဝင်းမော်ထွန်း(ရေနံချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မ ဒီနေ့ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းထားတဲ့ အဆိုကို အပြုသဘောနဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ NGO များဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အထူးသဖြင့် ပညာရေးနှင့် ကျန်းမာရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ လူမျိုးစုပေါင်းများစွာရှိရာ နီးစပ်ရာမျိုးနွယ်စုတူရာ ဘာသာရေး၊ လူမှုရေး၊ သာသနာရေး၊ သာရေး၊ နာရေးအဖွဲ့တွေနှင့် လုပ်ကိုင်ကြတဲ့ အလေ့အထ ရှိပါတယ်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ ပြည်ထောင်စုအုပ်ချုပ်ရေးစနစ်အရ ထိုခေတ် ထိုအခါက နိုင်ငံရေးပါတီများရဲ့လုပ်ငန်းစဉ်များဟာ လွှတ်တော်တွင် မိမိပါတီ ထောက်ခံမှုအများစုရရှိရေးအတွက် ပါတီရဲ့ဝါဒစည်းရုံးမှုကို အခြေခံယူတဲ့ အလုပ်သမားအဖွဲ့အစည်းတွေ၊ တောင်သူလယ်သမား အဖွဲ့အစည်းတွေ၊ လူငယ်အမျိုးသမီးအဖွဲ့အစည်းတွေနှင့် စီးပွားရေးကုန်သွယ်အဖွဲ့အစည်း လူထုလူတန်းစားအခြေပြုအဖွဲ့အစည်းနဲ့ လှုပ်ရှားခဲ့ပါတယ်။ တဖန် ၁၉၇၄ ခုနှစ် အခြေခံဥပဒေအရ မြန်မာနိုင်ငံ ဆိုရှယ်လစ်နိုင်ငံအဖြစ် နိုင်ငံတော်က ပါတီတွင်း ဒီမိုကရေစီအသွင်သဏ္ဌာန်အဖြစ် စုပေါင်းခေါင်းဆောင်မှုကို ကျင့်သုံးခဲ့ပါတယ်။ ဆိုရှယ်လစ်စီးပွားရေးအရ တောင်သူလယ်သမား အဖွဲ့အစည်း၊ ကျောင်းသားလူငယ်အဖွဲ့အစည်း၊ အနုပညာလုပ်ကိုင်ကြတဲ့ စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုစတဲ့ လုပ်ငန်းအလိုက် စည်းရုံးဖွဲ့စည်းတည်ထောင်လှုပ်ရှားခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ကာလ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတအုပ်ချုပ်တဲ့စနစ်ဖြစ် ပေါ်လာပါတယ်။ အစိုးရဆိုသည်မှာ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများ ရှေးရှုလုပ်ဆောင်ရခြင်းဖြစ်ပြီး နိုင်ငံတော်အရေးကိစ္စများတွင် ပြည်သူလူထု စိတ်အားတက်ကြွပါဝင်ရန် ပြည်သူ့ရဲ့အကျိုးစီးပွား ကိုယ်စားပြုအဖွဲ့အစည်းများ အသီးသီး ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ရန် လိုအပ်လာပါတယ်။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ အစိုးရအလိုက်ဖွဲ့စည်းထားတဲ့ Social Organization NGO ၁၀ ခုရှိပြီး၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ခွင့်ပြုချက်နှင့် ဖွဲ့စည်းထားတဲ့ NGO ၆၄ ခုရှိပါတယ်။ အပြီးသတ်ခွင့်ပြုမိန့် မရရှိသဖြင့် ခွင့်ပြုမိန့် တောင်းခံထားဆဲ NGO များစွာရှိပါတယ်။ ကျွန်မအနေနဲ့ ဝန်ကြီးဌာနထုတ်ပြန်ထားမှုတစ်ခုကို ဖတ်ရှုမိပါတယ်။ NGO အဖွဲ့အစည်းများ ဆောင်ရွက်ချက်များသည် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း ဆိုင်ရာ ဥပဒေမူဘောင်နှင့် ကိုက်ညီမှုမရှိသည့်အပြင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုး ရေးကို ထိခိုက်စေမည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖတ်ရှုမိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ထူးခြားချက်အနေဖြင့် နိုင်ငံရေးစနစ်ပြောင်းပြီး လွှတ်တော်အသီးသီး ပေါ်ပေါက်လာတဲ့အခါမှာ NGO များက လွှတ်တော်အမတ်များနှင့် နိုင်ငံရေး ပါတီများအား လိုအပ်သည်များ ထောက်ပံ့ရန်တိုးမြှင့်ဆောင်ရွက်လာတာကို တွေ့ရပါတယ်။ နိုင်ငံခြား တိုင်းပြည်များက အထူးတင်ပြလိုတာကတော့ နိုင်ငံခြားတိုင်းပြည်များက သူတို့ရဲ့ Agency မှတစ်ဆင့် ကျွန်မတို့ နိုင်ငံအတွင်းကို သူတို့နိုင်ငံမှဖြစ်စေလိုတဲ့ အကြောင်းအရာများ အကောင်အထည်ဖော်ဖို့ အတွက် ပြည်တွင်း NGO များနှင့်ဆက်သွယ်၍ နိုင်ငံအတွင်း ဆူပူလှုပ်ရှား လှုံ့ဆော်မှုများဖြစ်စေရန် ထောက်ပံ့မှုများရှိခဲ့ပါလျှင် သတိကြီးစွာထားရမှာ ဖြစ်ပါတယ်ရှင့်။ အခြားသော နိုင်ငံများမှာလည်း ဤကဲ့သို့သော လုပ်ဆောင်မှုများရှိတဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနက အထူးအလေးထား ဆောင်ရွက်ပြီး ဥပဒေနှင့် ထိရောက်စွာအရေးယူဖို့ ကျွန်မ အကြံပြုဆွေးနွေးလိုပါတယ်။ NGO တွေရဲ့ ခွင့်ပြုမိန့်ဟာ နှစ်ရှည်ဖြစ်တဲ့အတွက် ၅ နှစ်တာကာလမှာ လုပ်ဆောင်မယ့် NGO လုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိတဲ့ အချိန်ကာလအတွင်းမှာ နိုင်ငံတော်အစိုးရရဲ့ မူဝါဒနှင့်လမ်းစဉ်ကို နားလည်ဖို့ လိုပါတယ်။ အာမခံချက်နှင့် တိကျတဲ့၊ မှန်ကန်တဲ့ တိုင်းပြည်အတွက် ပြည်သူ့အကျိုးအတွက် အထူး ဂရုပြုလုပ်နိုင်မယ့် NGO များကို လှိုက်လှဲစွာကြိုဆိုဖို့ကောင်းပါတယ်။ ဒီနေရာမှာ NGO တွေရဲ့ လုပ်ဆောင်တဲ့ အတိုင်းအတာမှာ လူမှုဖွံ့ဖြိုးရေးအတွက် စီမံချက်များလုပ်ပေးပြီးတော့ သတ်မှတ်ထား တဲ့ မြို့နယ်အသီးသီးမှာ လူထုနှင့်တိုက်ရိုက်ထိတွေ့ပြီးတော့ ပံ့ပိုးကူညီတာတွေ တွေ့ရပါတယ်။ အဲဒီ နေရာပံ့ပိုးကူညီမှုဟာ လူထုရဲ့စွမ်းဆောင်မှု တည်ဆောက်ရေး Capacity Building ကို တည်ဆောက် ထားတာကို ပံ့ပိုးမှု အဓိကပါဝင်တာ တွေ့ရပါတယ်။ အဲဒီပံ့ပိုးတဲ့ ရည်ရွယ်ချက်ကို လေ့လာတဲ့အခါမှာ လူထုဟာ ပြင်ပအဖွဲ့အစည်းတစ်ခုခုရဲ့ ကူညီပံ့ပိုးမှုကိုသာ အမြဲတမ်းအားထားနေရတဲ့ အနေအထား ကနေ မိမိတို့ကိုယ်တိုင် ကိုယ့်အားကိုယ်ကိုးပြင်ပမှ ပံ့ပိုးမှုမရှိခဲ့ပါလျှင်လည်း ကိုယ်တိုင်စွမ်းဆောင် ရပ်တည်နိုင်သော အနေအထားသို့ ပြောင်းလဲစေရန်ဆိုတဲ့ ရည်ရွယ်ချက်နှင့် လုပ်ဆောင်နေကြောင်း

တွေ့ရပါတယ်။ ကျွန်မအနေနဲ့ NGO နှင့် ပတ်သက်ပြီး အနည်းငယ်ပြောပြလိုပါတယ်။ ကျွန်မ ဒီ NGO အဖွဲ့အစည်းတွေရဲ့ ကျွမ်းကျင်သင်တန်းများ လိုပါမယ်။ ဝန်ထမ်းတွေကလည်း လေ့လာဖတ်ရှုသင်ယူမှုတွေ များစွာလိုအပ်ပါတယ်။ လူထုဖွံ့ဖြိုးရေးသဘောတရားနှင့် လုပ်နည်းလုပ်ဟန်စာအုပ်တွေ ရှားပါးတာကို တွေ့ရပါတယ်။ ဖွံ့ဖြိုးတဲ့ သင်တန်းလေ့လာလိုပေမယ့် သင်တန်းရှားတဲ့အတွက် လူထုဖွံ့ဖြိုးရေးဆောင်ရွက်တဲ့ နည်းလမ်းစနစ်တကျ မရှိခဲ့ရင်၊ ကျွမ်းကျင်မှုမရှိခဲ့ရင် ဒီအလုပ်ဟာ ထိရောက်ဖို့ မလွယ်ပါဘူး။ စည်းကမ်းမဲ့ ဖြစ်နိုင်ပါတယ်။ NGO ဝန်ထမ်းများအနေနဲ့ သူတို့ရဲ့ NGO အဖွဲ့များရဲ့ မူဝါဒများနှင့် ကွဲလွဲစွာဆောင်ရွက်နေကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ကျွန်မတို့နိုင်ငံဟာ နှစ်ပေါင်းများစွာ ဖွံ့ဖြိုးမှုအကူအညီ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေမရရှိဘဲ ကြိုးပမ်းပြီး ရပ်တည်ခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အခုအချိန်ထိလည်း မိမိတို့ နိုင်ငံအပေါ် ကန့်သတ်ထားတဲ့ အနောက်နိုင်ငံများရဲ့ ပိတ်ဆို့မှုများ ရှင်းလင်းစွာ ဖယ်ရှားခြင်းမရှိသေးပါဘူး။ မိမိတို့နိုင်ငံဖွံ့ဖြိုးမှုအတွက် မိမိတို့ပြည်သူများ လူသားဖွံ့ဖြိုးမှုအတွက် Human Development တွေကို အကြောင်းပြုပြီးတော့ ထိရောက်စွာ ကူညီစွမ်းဆောင်ပေးခြင်းမရှိဘဲ အရောင်ပြလှုပ်ရှားမှုမျိုးနှင့် နိုင်ငံခြားမှ အကူအညီဆောင်ရွက်ခြင်းမျိုးကိုလည်း မပြုလုပ်သင့်ကြောင်း သတိထားပြီး ဆောင်ရွက်သင့်စေလိုပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေကိုတော့ အသုံးချခံတော့မဖြစ်စေလိုပါဘူးရှင့်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ဒီနေ့အခါမှာတော့ အားလုံးဟာ သေချာစိစစ်ပြီး အတူတကွ ပူးပေါင်းလုပ်နိုင်ဖို့ လိုအပ်ပါတယ်။ ဒီနေ့အချိန်အခါမှာ မိမိရဲ့ကိုယ်ကျိုးနှင့် စိတ်ဝင်စားမှုကို ရှေ့တန်းမတင်ဘဲနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရဲ့ အမျိုးသားတာဝန်တစ်ရပ်သဖွယ် ဆောင်ရွက်ရမယ့်အချိန်ဖြစ်ပါတယ်။ မနေ့က ပန်းတနော်မဲဆန္ဒနယ် ဦးမန်းမောင်မောင်ဉာဏ် ပြောသွားတာကို ကျွန်မအနေနဲ့ ထောက်ခံပါတယ်။ သင့်တော်တဲ့စည်းကမ်းချက်တွေ ချပြီးတော့မှ ဒီစည်းကမ်းဘောင်အတွင်းကနေ မှတ်ပုံတင်ထားတဲ့ အထူးသဖြင့် ကျွန်တော်တို့ ဆောင်ပုဒ်အတိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲမှုအန္တရာယ်တွေ ကာကွယ်ဖို့၊ အချုပ်အခြာပျက်စီးမယ့် အနေအထားတွေ ကာကွယ်ဖို့ ဒီပေတံနှင့် တိုင်းပြီးတော့ NGO တွေကို လုပ်ဆောင်ရဖို့ လိုပါတယ်လို့ ရေးထားပါတယ်။ NGO တွေအကြောင်းပြုပြီးတော့ အမြတ်ထုတ်တာတွေလည်း အများကြီးပါပဲ။ NGO တွေလာတဲ့အခါမှာ ပြည်တွင်းကပဲ လာလာ၊ ပြည်ပကပဲလာလာ ခုနက ပေတံနှင့်တိုင်းပြီး စည်းမျဉ်းစည်းကမ်းနှင့် Check လုပ်ရမယ့် အခြေအနေရှိပါတယ်။ စိစစ်နိုင်တဲ့ အခြေအနေရှိရပါမယ်။ သူတို့ လုပ်ငန်းဘောင်အတွင်းမှာ ထည့်သွင်းမယ့်သဘော ရှိရပါမယ်။ NGO တစ်ခုလာပြီးတော့ တိုင်းပြည်မှာ လုပ်ချင်တိုင်း

လုပ်လို့တော့ မဖြစ်ပါဘူးဆိုတာ ကျွန်မအနေနဲ့တော့ ဆွေးနွေးတာမှန်တယ်လို့ ယူဆပါတယ်။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် တိုင်းပြည်လုံခြုံရေးကို ထိခိုက်စေနိုင်မယ့် တစ်ဘက်သတ် နိုင်ငံရေးအားပေးလှုံ့ဆော်မှုများကို စိစစ်ပြီး စီစဉ်ပြီးမှ NGO ကြားခံအဖွဲ့အစည်း အဖြစ် ပြုလုပ်နေတာများကို ခွင့်မပြုသင့်ပါဘူး။ ဒါကြောင့် ဥပဒေကို ပြဋ္ဌာန်းဖို့လည်း မူလဥပဒေကနေ ပြီးတော့ နည်းဥပဒေတွေ၊ ပြည်သူ့လွှတ်တော်အတွင်းမှာရှိတဲ့ ဥပဒေကြမ်းကော်မတီတွေ၊ လွှတ်တော် ကော်မရှင်များနှင့်ပူးပေါင်းပြီးတော့ ဆွေးနွေးမှုကိုသာ လုပ်ကိုင်သင့်ပါကြောင်း အကြံပြုဆွေးနွေးအပ် ပါတယ်ရှင်။ အားလုံးကို လေးစားပါတယ်။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါ တယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ရန်ကုန် တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ မြန်မာနိုင်ငံ ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလမှာ ခေတ်နဲ့လျော်ညီသော၊ အစိုးရမဟုတ်သော လူ့အဖွဲ့ အစည်းများ(NGO)များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန်အဆိုနှင့် စပ်လျဉ်းပြီး ကျွန်တော်က ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တော်လှန်ရေးကောင်စီအစိုးရလက်ထက်၌ ၁၉၆၄ ခုနှစ် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ် တဲ့ဥပဒေအဖြစ် အသင်းအဖွဲ့များ မှတ်ပုံတင်ထားခြင်းကို ဖွဲ့စည်းခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ တာဝန်ယူတဲ့ကာလအတွင်း အဆိုပါ ၁၉၆၄ ခုနှစ် အမျိုးသား စည်းလုံးညီညွတ်ရေးကို ကာကွယ်တဲ့ဥပဒေကို ပယ်ဖျက်ပြီး အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာ

ဥပဒေကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှာ ဥပဒေအမှတ် (၆/၈၈) ဖြင့် ပြဌာန်းခဲ့ပြီး လည်းဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ အပိုဒ်ခွဲ (ဂ)မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ရဲ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့ရဲ့ကိုယ်ကျင့်တရားအကျိုးငှာ ပြဌာန်းထားတဲ့ဥပဒေများနှင့် မဆန့်ကျင်လျှင် အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့် အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်ဟု ပြဌာန်းထားပြီးဖြစ်တဲ့အတွက် လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိနေတဲ့ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေမှာ ခေတ်နဲ့လျော်ညီစွာ ဆောင်ရွက်လျက်ရှိတဲ့ တည်ဆဲဥပဒေတစ်ရပ်ပင်ဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် စိစစ်ကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှာ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနဲ့ ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါအဖွဲ့မှာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် ပါဝင်တဲ့အဖွဲ့ဝင် ၇ ဦးပါဝင်သောအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ လိုအပ်သော ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကိုလည်း ခေတ်စနစ်နဲ့လျော်ညီစွာ ထုတ်ပြန်ပြီးတော့ အသင်းအဖွဲ့အသစ်များ ဖွဲ့စည်းခွင့်ပြုခြင်း၊ သက်တမ်းတိုးခြင်းများကို စိစစ်ခွင့်ပြုဆောင်ရွက်လျက်ရှိပါတယ်။ အသင်းအဖွဲ့ ဖွဲ့စည်းခြင်းနဲ့ ပတ်သက်၍ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ပုဒ်မ ၄ မှာလည်း ဖွဲ့စည်းခွင့် လျှောက်ထားရန် မလိုတဲ့ အသင်းအဖွဲ့များဆိုပြီးတော့လည်း အတိအကျ ပြဌာန်းထားပြီးဖြစ်ပါတယ်။ ဒါကတော့ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေပုဒ်မ၊ ပုဒ်မခွဲ (ခ)နဲ့ (ဂ)မှာ ဘာသာသာသနာရေး သက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်နေသော အသင်းအဖွဲ့နှင့် စီးပွားရေးသက်သက်ကိုသာ လုပ်ကိုင်ဆောင်ရွက်နေသော အသင်းအဖွဲ့များသည် ဥပဒေအရ ဖွဲ့စည်းခွင့် လျှောက်ထားရန် မလိုကြောင်း ပြဌာန်းထားရှိပါတယ်။ ဒါကတော့ ဘာသာရေးသက်သက်ကို ဆောင်ရွက်လျက်ရှိတဲ့ ကျွန်တော်တို့ ဥပမာအားဖြင့် မလွန်ဆန်လှုအသင်း၊ ရွှေတိဂုံဘုရား၊ မဟာမြတ်မုနိဘုရားစတဲ့ ဘုရားဂေါပကအဖွဲ့များနဲ့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိတဲ့ ဆွမ်းတော်ကြီးခံအသင်းများစတဲ့ အသင်းများအနေနဲ့ ဖွဲ့စည်းရန် လျှောက်ထားဖို့မလိုအပ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ အလားတူ စီးပွားရေးသက်သက်ကိုသာ ဆောင်ရွက်လျက်ရှိတဲ့ ကုမ္ပဏီများ၊ ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်ကြီးများအသင်း၊ ပို့ဆောင်ဆက်သွယ်မှုအသင်းစတဲ့ အသင်းအဖွဲ့များ

အနေနဲ့လည်း ဖွဲ့စည်းခွင့်လျှောက်ထားရန် မလိုပါဘူး။ ဒါ့အပြင် အဆိုပါဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဃ)တွင် ပြဋ္ဌာန်းထားရှိတဲ့ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော အသင်းအဖွဲ့များဖြစ်သည့် သာဓကအားဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းများအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းစတဲ့ အသင်းအဖွဲ့များဟာလည်း ၎င်းတို့ အသင်းအဖွဲ့ဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် ဖွဲ့စည်းခွင့်လျှောက်ထားရန် မလိုကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ အဆိုပါဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(င)မှာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်မှ မှတ်ပုံတင်ခွင့်ရရှိပြီးသော သို့မဟုတ် ယင်းကော်မရှင်သို့ မှတ်ပုံတင်ရန်လျှောက်ထားပြီး သို့မဟုတ် လျှောက်ထားရန် ပြင်ဆင်လျက်ရှိ ကြောင်း တင်ပြပြီးဖြစ်ကြောင်း နိုင်ငံရေးပါတီများအနေနဲ့လည်း အသင်းအဖွဲ့ ဖွဲ့စည်းခွင့်လျှောက်ထား ရန်မလိုပါဘူး။ ဒါကြောင့် ဒီပုဒ်မ ၄ မှာ ဖော်ပြထားချက်အရတော့ လူမှုရေးအသင်းအဖွဲ့များကိုသာ ဖွဲ့စည်းခွင့်ပေးထားခြင်းဖြစ်ကြောင်း ထင်ရှားစွာတွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့များကိုလည်း ပုဒ်မ ၅ မှာ ဖွဲ့စည်းခွင့်မပြုရကြောင်း ဖွဲ့စည်းထားပြီးဖြစ်ရင်လည်း လှုပ်ရှားခြင်းမပြုရကြောင်း၊ ဆက်လက်တည်ရှိခွင့် မရှိရကြောင်းကိုလည်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ အသင်းအဖွဲ့များကို ဖွဲ့စည်းခွင့်လျှောက်ထားခြင်း၊ အဆင့်ဆင့်စိစစ်ခြင်းနဲ့ မှတ်ပုံတင်ခွင့်ပြုခြင်း၊ သက်တမ်းတိုးခြင်း၊ ဖျက်သိမ်းခြင်းများနဲ့ပတ်သက်၍ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားရှိပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းခွင့်ရရှိထားတဲ့ အသင်းအဖွဲ့များမှ ၎င်းတို့ရဲ့ ရည်ရွယ်ချက် လုပ်ငန်းစဉ် များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဆင့်ဆင့်နှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့တို့မှ ကြီးကြပ်စိစစ်ဆောင်ရွက် ထောက်ခံပေးလျက်ရှိပါတယ်။ ယင်းကဲ့သို့ စိစစ်ထောက်ခံပေးသော အသင်းအဖွဲ့များအား ဖွဲ့စည်းခွင့်ပြုပေးခဲ့ရာမှာ အစိုးရသစ် စတင်ထမ်းဆောင်ချိန်ကာလအတွင်း NGO ၂၃၃ သင်း၊ INGO ၃ သင်း၊ စုစုပေါင်း ၂၃၆ သင်းရှိခဲ့ရာမှ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနဲ့ ကြီးကြပ်ရေးဗဟိုအဖွဲ့ရဲ့ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၂)အထိ အစိုးရမဟုတ်သော ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များ NGO ၃၁၄ သင်း၊ နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ INGO ၄၄ သင်း၊ စုစုပေါင်း ၃၅၈ သင်းအထိကို ဖွဲ့စည်းခွင့်ပြုထားပြီး ဖြစ်ပါတယ်။ အဆိုပါ ပြည်တွင်းအသင်း အဖွဲ့ ၃၁၄ သင်းတွင် မြို့နယ်အမည်ခံယူပြီး ဇာတိရပ်ရွာအကျိုးပြုလုပ်ငန်းများတွင် ဆောင်ရွက်တဲ့ အသင်းပေါင်း ၁၁၂ သင်း ပါရှိပါတယ်။ ကျန်ရှိတဲ့အသင်းများမှာတော့ ပညာရေး၊ သဘာဝ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများ၊ မိဘမဲ့ ပရဟိတစောင့်ရှောက်ရေးလုပ်ငန်းများ၊ စာပေ၊ စာနယ်ဇင်း၊ ယဉ်ကျေးမှုလုပ်ငန်းများ၊ သဘာဝဘေး အန္တရာယ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ၊ လူမှုစီးပွားရေးလုပ်ငန်းများ စတဲ့လုပ်ငန်းများ ဆောင်ရွက်တဲ့အသင်းတို့ ဖြစ်ပြီးတော့ စုစုပေါင်း ၂၀၂ သင်း ပါရှိကြောင်းတွေ့ရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာအစိုးရမဟုတ်သော ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့ INGO ၄၄ သင်းအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ MOU လက်မှတ်ရေးထိုး၍ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သဘာဝသယံဇာတအရင်းအမြစ် ထိန်းသိမ်းရေးလုပ်ငန်းများ၊ လယ်ယာ စိုက်ပျိုးရေးနဲ့ ဆည်မြောင်းတာတမံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ အဟာရ ဖွံ့ဖြိုးရေး၊ သောက်သုံးရေရရှိရေး၊ မွေးမြူရေး၊ စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များမှာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအတွက် စီမံကိန်းများရေးဆွဲတင်ပြပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကြီးကြပ်ရေးဗဟိုအဖွဲ့အနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ထောက်ခံတင်ပြလာသော သက်တမ်းတိုးအသင်းများ၊ အသင်းဖွဲ့စည်းခွင့်ပြုရန် လျှောက်ထားလာသော အသင်းများနဲ့ပတ်သက်၍ အသင်းရဲ့ရည်ရွယ်ချက်များ စိစစ်ခြင်း၊ အသင်းအဖွဲ့ တွင်ပါဝင်သော အမှုဆောင်များရဲ့ကိုယ်ရေးရာဇဝင်များ ပြစ်မှုနောက်ကြောင်း ကင်းရှင်းမှု ရှိ၊ မရှိ သက်ဆိုင်ရာမှ စိစစ်ခြင်း၊ လျှောက်ထားရမည့် အချက်အလက်များ ပြည့်စုံမှုမရှိသည့်အသင်းများအား ပြန်လည်တောင်းခံဖြည့်စွက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သဘောထားမှတ်ချက်များရယူခြင်း၊ ပြည့်စုံသည့်အသင်းအဖွဲ့များအား ဗဟိုအဖွဲ့အစည်းအဝေးသို့ တင်ပြခြင်းဖြင့် အဆင့်ဆင့်စိစစ် ဆောင်ရွက်လျက်ရှိပါတယ်။ ဗဟိုအဖွဲ့အစည်းအဝေးမှ စိစစ်ထောက်ခံသောအသင်းအဖွဲ့များကို ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြဆုံးဖြတ်ချက်ရယူပြီး အသင်းအဖွဲ့ဖွဲ့စည်းခွင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကြီးကြပ်ရေးဗဟိုအဖွဲ့အနေနဲ့ အသင်းအဖွဲ့များ ဖွဲ့စည်းမှတ်ပုံတင်ခွင့် နှင့်ပတ်သက်၍ အစည်းအဝေးများ ကျင်းပပြီး အချက်အလက်ပြည့်စုံသောအသင်းများအား အမြန်ဆုံး မှတ်ပုံတင်ခွင့် ပြုပေးလျက်ရှိပါတယ်။ သို့သော် အချို့သော အသင်းအဖွဲ့များအနေနဲ့ အသင်းအဖွဲ့များ ဖွဲ့စည်းရာမှာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနဲ့အညီ ဆောင်ရွက်မှုမရှိခြင်းကြောင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါတွေကတော့ အချက်အလက် ပြည့်စုံမှုမရှိခြင်း၊ သက်တမ်းပျက်နေခြင်း၊ ဖွဲ့စည်းခွင့်မရသူများ ထည့်သွင်းဖွဲ့စည်းထားခြင်း၊

လုပ်ငန်းစဉ်မူဘောင်အတွင်းမှ ဆောင်ရွက်ခြင်း၊ သာဓကအားဖြင့်တော့ အချို့လူမှုရေးအသင်းအဖွဲ့များသည် အလှူငွေများရရှိတဲ့အပေါ် စနစ်တကျသုံးစွဲခြင်းမရှိဘဲ ၎င်းတို့အဖွဲ့အတွင်းမှာရှိတဲ့ အသင်းသားများကနေပြီးတော့ စာရင်းရှင်းလင်းမှုမရှိတဲ့အတွက် တိုင်ကြားခြင်းများအပေါ် ဖြေရှင်းဆောင်ရွက်နေရတဲ့အမှုများလည်း ပါဝင်ပါတယ်။ အသင်းအဖွဲ့များပိုင်ငွေများအား စနစ်တကျအသုံးပြုမှုမရှိခြင်း၊ တချို့အသင်းအဖွဲ့များဟာ အသင်းအဖွဲ့နဲ့သက်ဆိုင်ခြင်းမရှိတဲ့ တချို့အသင်းအဖွဲ့များမှာ အသုံးပြုခြင်းအားဖြင့် သက်ဆိုင်ရာကနေ ကန့်ကွက်တဲ့အတွက် ပြင်ဆင်ဆောင်ရွက်နေရ တဲ့အခြေအနေများကြောင့် ကြန့်ကြာရခြင်းလည်း ဖြစ်ပါတယ်။ ဒါ့အပြင် မှတ်ပုံတင်တင်သွင်းခြင်းနဲ့မှတ်ပုံတင်ကြေးတင်သွင်းခြင်းနဲ့ ပတ်သက်ပြီး ဆက်လက်ပြီးတော့ တင်ပြရရင် ယခင်က သက်တမ်းနှစ်နှစ်တွင် ငွေကျပ်တစ်သိန်းပေးသွင်းစေခဲ့ရာမှ ယခု ဖွဲ့စည်းမှုသက်တမ်းအရ ငါးနှစ်အဖြစ်ပြောင်းလဲပြီး ဖွဲ့စည်းခွင့်ကြေး ငါးသိန်းအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဤကဲ့သို့ သက်တမ်းငါးနှစ်အထိ တိုးပေးရခြင်းမှာ အသင်းသားများရဲ့ သက်တမ်းကာလ ပိုမိုကြာမြင့်ပြီး လုပ်ငန်းဆောင်ရွက်မှုပမာဏ ပိုမို၍ အချိန်ရရှိစေကာ ပြည်သူလူထုရဲ့အကျိုးစီးပွားကို ပိုမိုဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ရာရောက်သည့်အပြင် နှစ်နှစ်တစ်ကြိမ် သက်တမ်းတိုးရသည့်လုပ်ငန်းတာဝန်များ လျော့ပါးစေပါတယ်။ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်အတွက် ပေးသွင်းရသော ငွေကြေးမှာလည်း ပြည်ထဲရေးဝန်ကြီးဌာနအတွက်အသုံးပြုရန် ကောက်ခံခြင်းမဟုတ်ဘဲ နိုင်ငံတော်ဘဏ္ဍာအဖြစ်ပေးသွင်းရန် ကောက်ခံခြင်းသာဖြစ်ပြီး ကောက်ခံရရှိသောငွေများအား နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ငွေစာရင်းအမှတ် MD-010237 အထွေထွေရငွေ အသင်းအဖွဲ့ဖွဲ့စည်းခွင့်သို့ပေးသွင်းလျက်ရှိပါတယ်။ နိုင်ငံတော်ဘဏ္ဍာငွေဖြစ်သော ယင်းငွေကြေးများအား ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများနဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြန်လည်ခွဲဝေသုံးစွဲပေးတဲ့အတွက် အဆိုပါအသင်းအဖွဲ့များမှ နိုင်ငံတော်၏လုပ်ငန်းတာဝန်များအား တစ်စိတ်တစ်ပိုင်းမျှယူပေးထားခြင်းလည်း ဖြစ်ပါတယ်။ အသင်းအဖွဲ့များအနေဖြင့်လည်း ၎င်းငွေကြေးသည်ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် ငွေကြေးပမာဏ မဟုတ်သည့်အပြင် ငွေကြေးကောက်ခံပြီး အသင်းအဖွဲ့အမည်ခံ ကိုယ်ကျိုးရှာမည့် အသင်းအဖွဲ့များအားလည်း အထိုက်အလျောက်ကာကွယ်ပေးထားခြင်းလည်းဖြစ်ပါတယ်။ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားတဲ့မူဝါဒများကိုဆန့်ကျင်ခြင်းမရှိဘဲ အစိုးရနဲ့နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အဆိုပါလူမှုရေးအသင်းအဖွဲ့များရဲ့ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ အောင်မြင်မှုရရှိနိုင်မှာ ဖြစ်သကဲ့သို့ ပြည်သူလူထုရဲ့

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကိုလည်း ပြည့်ပြည့်ဝဝအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အရပ်ဘက် လူ့အဖွဲ့အစည်းများရဲ့ ပူးပေါင်းပါဝင်မှုများမှာလည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနဲ့ကြီးကြပ်ရေးဗဟိုအဖွဲ့မှ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေနဲ့အညီ ထုတ်ပြန်ထားတဲ့အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခေတ်စနစ်နဲ့လျော်ညီ လိုက်လျောညီထွေမှုရှိအောင် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဤပရဟိတလူမှုရေးအသင်းများအနေနဲ့နိုင်ငံရေးအသွင်ဆောင်သောလှုပ်ရှားမှုများကို ရှောင်ကြဉ်ပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ရပ်ရွာအေးချမ်းသာယာရေးအတွက် အသင်းအဖွဲ့ဖွဲ့စည်းခွင့်အရ ထုတ်ပြန်ထားသောဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာပြီး ဥပဒေဘောင်အတွင်းမှ ဖြူစင်သောရပ်တည်မှုဖြင့် ဖွဲ့စည်းထားသော အသင်းအဖွဲ့များဖြစ်ရန်လည်း လိုအပ်ပါတယ်။ ပြည်သူ့အကျိုးကိုအုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြည့်ဆည်းဆောင်ရွက်ပေးလိုသော အကျိုးပြုအသင်းအဖွဲ့များ ပေါ်ပေါက်စေရေးအတွက်လည်း နိုင်ငံတော်မှ လိုအပ်သည့်ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိအခြေအနေတွင် ဤဥပဒေဖြင့် ဖွဲ့စည်းထားပြီးဖြစ်သော အသင်းအဖွဲ့များသည်လည်း လူမှုရေးလုပ်ငန်းများတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရနေကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန ကြီးကြပ်ရေးဗဟိုအဖွဲ့မှလည်း ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲလျက်ရှိနေကြောင်းတွေ့ရမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန ကြီးကြပ်ရေးဗဟိုဌာနမှလည်း ဥပဒေနှင့်အညီကြီးကြပ်ကွပ်ကဲလျက်ရှိနေသည့်အပြင် ခေတ်နဲ့လျော်ညီသောအမိန့်နဲ့ ညွှန်ကြားချက်များကိုလည်းလိုအပ်ချက်နဲ့အညီ အခါအားလျော်စွာ ထုတ်ပြန်ပေးလျက်ရှိပါတယ်။ အဆိုပါအသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေမှာလည်း ပြဋ္ဌာန်းထားပြီးဖြစ်၍ အသစ်ရေးဆွဲပြဋ္ဌာန်းရန် မလိုအပ်တော့ဘဲပြင်ဆင်လိုသောအချက်များရှိရင် ပြင်ဆင်ရေးဆွဲနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ခေတ်နဲ့လျော်ညီသောအစိုးရမဟုတ်သော လူ့အဖွဲ့အစည်း NGO များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတစ်ရပ် ပြဋ္ဌာန်းရန်လိုအပ်တော့မည် မဟုတ်ပါကြောင်းနဲ့ ဒီအဆိုကို မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးသိန်းညွန့်ရဲ့သဘောထားပြောပါ။

**ဦးသိန်းညွန့်(သယ်န်းကွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ နိုင်ငံရဲ့အကျိုးစီးပွား အတွက် အလေးထားပြီး ကျွန်တော် တင်ပြပါမယ်။ အရင်ဆုံးဥပဒေပြုသနာ ကျွန်တော် ပြောပါမယ်။ ဒါကလည်း အသင်းအဖွဲ့များ ဖွဲ့စည်းရေးဆိုင်ရာဥပဒေ ဘယ်အချိန်မှာ ပြဋ္ဌာန်းခဲ့သလဲဆိုတော့ ၁၉၈၈ ခု၊ စက်တင်ဘာလ ၃၀ မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အားလုံးသိတဲ့အတိုင်း အဲဒီအချိန်ဟာ ကျွန်တော်တို့ အမျိုးသားအချင်းချင်း စည်းလုံးညီညွတ်မှုအပြိုကွဲဆုံးအချိန်ကာလမှာ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေ ဖြစ်ပါတယ်။ ပြဋ္ဌာန်းရတဲ့ ရည်ရွယ်ချက်ကိုလည်း ဒီဥပဒေမှာ အတိအလင်းဖော်ပြထားပါတယ်။ လိုရင်းကောက်နုတ် ပြရရင် ဒီမိုကရေစီကိုဟန်ပြပြီး မရိုးသားသောသဘော၊ မသမာသော ရည်ရွယ်ချက်တို့ဖြင့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရေးကို အနှောင့်အယှက်အဟန့်အတား အန္တရာယ် ဖြစ်စေမည့် အသင်းအဖွဲ့များဖွဲ့စည်းထားကြောင်း၊ ဖွဲ့စည်းရန် ပြင်ဆင်လျက်ရှိကြောင်း သိရတဲ့အတွက် လဝက ကနေ ဒီအသင်းအဖွဲ့ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်ပါတယ်လို့ ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြထားပြီး ဖြစ်ပါတယ်။ ဒီကနေ့ အခြေအနေဟာ ၁၉၉၀ ပြည့်နှစ်အခြေအနေ မဟုတ်ပါဘူး။ ၂၀၁၀ ရွေးကောက်ပွဲကြီး ကျင်းပပြီးခဲ့ပါပြီ။ အခုဆိုရင် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြီးတော့ ဒီလွှတ်တော်ထဲမှာ ကျွန်တော်တို့နိုင်ငံမှာ ပါဝင်သင့်ပါဝင်ထိုက်တဲ့ နိုင်ငံရေးပါတီ အားလုံးရဲ့ ကိုယ်စားပြုမှုလည်း ဒီလွှတ်တော်ထဲမှာ လွှတ်တော်ရဲ့အဆင့် အင်မတန်မြင့်မားနေပါပြီ။ အဲဒီအချိန်မှာ ကျွန်တော်တို့ စဉ်းစားတွေးခေါ်မှုတွေဟာ ၁၉၉၀ ကာလလိုပဲ စဉ်းစားပြီးတော့ ဒီဥပဒေကြီးကို ခေတ်မီတယ်လို့ပြောတာ ရိုးရိုးသားသား ကျွန်တော်ဝန်ခံပါရစေ။ ကျွန်တော်ပဲ ဉာဏ်မမီလို့လားတော့မသိဘူး။ အဲဒီအကြောင်းပြချက်ကို ကျွန်တော်ဘယ်လိုမှ နားမလည်ပါဘူး။

လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုမှာလည်း ကျွန်တော် တင်ထားပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလမှာ နိုင်ငံတော်သမ္မတက အရပ်ဖက်လူမှု အဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်မယ်ဆိုတာ သမ္မတကြီးရဲ့မူဝါဒပါ။ နောက် အခု ဒုတိယ ပြုပြင်ပြောင်းလဲရေးလုပ်တဲ့အခါမှာလည်း ပြည်သူလူထုကို ဗဟိုပြုပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်မယ်လို့ သမ္မတကြီးကမူချခဲ့ပါတယ်။ အဲဒီတော့ မနေ့တစ်နေ့က ဩဂုတ်လ ၁၂ ရက်နေ့ထုတ်တဲ့ ကြေးမုံသတင်းစာမှာ ဒီဟာတွေနဲ့ပတ်သက်ပြီး NGO တွေနဲ့ ပတ်သက်ပြီးရေးထားတဲ့ ဆောင်းပါး တစ်ပုဒ်ပါတော့ ခေါင်းစဉ်ကတော့ အသုံးချခံတော့ မဖြစ်လိုပါလို့ရေးပါတယ်။ သို့သော် ကျွန်တော်

ခေါင်းစဉ်ကို အလေးမထားပါဘူး။ ကျွန်တော် ဒီမှာဖတ်ကြည့်တဲ့အခါမှာ နိုင်ငံရဲ့ဖွံ့ဖြိုးမှုကို အဓိက စွမ်းဆောင်နိုင်တဲ့ State holder အဓိက Player များအဖြစ် နိုင်ငံတော်အစိုးရ Government၊ ပုဂ္ဂလိကကဏ္ဍ Private Sector၊ ပြည်သူများ Public၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများ (NGO)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGO)၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဆိုတာ သတ်မှတ်ထားပါတယ်။ အဲတော့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးကို Player အဖြစ်လက်ခံတဲ့ NGO တွေအပေါ်မှာ ကျွန်တော်တို့ အင်မတန်စိုးရိမ်ကြောင့်ကြရတဲ့အချက်တွေကိုတော့ ဒီအချိန်မှာ တိုင်းပြည် အကျိုးအတွက် လေးလေးနက်နက် ပြန်လည်စဉ်းစားသင့်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဆွေးနွေးခဲ့သလို ကျွန်တော်တို့ သူတို့ကို တရားဝင်ဖွင့်ခွင့်မပေးရင် ကျွန်တော်တို့ဘက်က ဆိုးကျိုးနှစ်ခု ထွက်ပါလိမ့်မယ်။ ၂၇၀ သော NGO များသာ မှတ်ပုံတင်ဖို့ကြိုးစားပေမယ့် ဒီနေ့ ၁၀၀၀ ကျော်ရှိတဲ့ NGO တွေဟာ မှတ်ပုံမတင်နိုင်ဘူး။ အဲဒီတော့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတုန်းက ပြဋ္ဌာန်းတဲ့ဥပဒေနဲ့ ထောင် ၅ နှစ်၊ ထောင် ၃ နှစ် အကျဉ်းထောင်ထဲပို့မှာလား။ ဒါမှမဟုတ်ရင် ကျွန်တော်တို့ရမယ့် NGO တွေရဲ့ တရားဝင်မှု၊ အခွင့်သာမှုကို မူတည်ပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေမှာ ဘယ်သူ့ကိုမှ ကန်ထရိုက်မပေးဘဲနဲ့ ခုနက အဆင့်လေးဆင့် ဖြတ်သွား တယ်ဆိုတာ လက်တွေ့လုပ်ဖူးတဲ့ သုံးခွမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုနဲ့ တင်ပြခဲ့တဲ့အခါ တကယ်တမ်းကျရင် ၁၀၀ ရာခိုင်နှုန်းမှာ ကျွန်တော်တို့တိုင်းပြည်အတွက် ၁၅ ရာခိုင်နှုန်းလောက်ပဲ ရပါတော့တယ်။ အခု ကျွန်တော်တင်တဲ့အခါမှာလည်း အင်မတန်မှ စိုးရိမ်ပူပန်ချက်တွေကို နားလည်တဲ့ အတွက် ကျွန်တော်သတိထားပါတယ်။ နောက်တစ်ခါ ကျွန်တော် ဒီမှာ အားရတဲ့အချက်ကတော့ ပါတီစုံကိုယ်စားလှယ်များပေါ့လေ၊ လွှတ်တော်ကိုယ်စားလှယ် အရေအတွက်နဲ့တော့ ကျွန်တော် မပြောလိုပါဘူး။ ပါတီစုံ ကိုယ်စားလှယ်တော်တော်များများက ကျွန်တော့်အဆိုကို ထောက်ခံသွားတာ ကျွန်တော် မှတ်သားထားရပါတယ်။ အဲတော့ ပါတီစုံရဲ့အသံကို ကျွန်တော်တို့ လွှတ်တော်ကြီးက ဘယ်လိုသဘောထားမလဲ၊ ဒါ ကျွန်တော်တို့ နိုင်ငံကြီးအတွက်ပါ။ အဲဒါကြောင့် ဒီမှာ ကျွန်တော်က ဒီဥပဒေကို အစိုးရအောင်လုပ်တဲ့အခါမှာလည်း NGO တွေနဲ့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရ၊ NGO တွေရဲ့ဖြစ်ပျက်နေတဲ့ အခြေအနေတွေကိုလေ့လာ၊ သူတို့ဆန္ဒသဘောထားတွေယူ၊ ယူပြီးမှ နိုင်ငံတော် အစိုးရနဲ့ ပူးပေါင်းဆွဲပါ။ နောက် ဒီနေ့လည်း ကျွန်တော် ဒီမှာကြားဖြတ်ပေါ့။ အကြံပြုချက်တစ်ခု ကျွန်တော်ကြားရပါတယ်။ အဲဒါ ဒီဟာနဲ့ပတ်သက်ပြီးရင် ဒါမှတ်တမ်းတင်ရမယ့်ဟာ မဟုတ်ဘူး။ အခု ဒီနေ့အခြေအနေကို ကျွန်တော်တို့ နိုင်ငံရေးအရ တိုင်းပြည်နဲ့ပတ်သက်ပြီး လေးလေးနက်နက်ဆုံးဖြတ်

ပိုင်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ကျွန်တော်တင်ပြတဲ့အဆိုကို အခု လွှတ်တော်ထဲမှာရှိတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကို အထောက်အကူပြုနေတဲ့ ဥပဒေရေးရာနှင့်အထူးကိစ္စများလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အပါအဝင် ပါဝင်သင့် ပါဝင်ထိုက်သူ၊ နောက် NGO နဲ့ပတ်သက်ပြီးတော့ တကယ်လုပ်ခဲ့တဲ့ ကိုယ်စားလှယ်တွေလည်း ပါပါတယ်။ အဲဒီတော့ စိုးရိမ်ပူပန်မှုတွေကို ကျွန်တော်တို့ရဲ့ အမျိုးသားအကျိုးစီးပွားရဲ့ နောက်ကို ပို့ပြီးတော့ ကျွန်တော်တို့နိုင်ငံအတွက် ဖြစ်သင့်ဖြစ်ထိုက်တဲ့ NGO များဆိုင်ရာ ဥပဒေတစ်ရပ်ကို အကောင်အထည်ဖော်မယ့်သူတွေ၊ ထိန်းကျောင်းမယ့်သူတွေ၊ ညှိနှိုင်းပြီးတော့ ဆောင်ရွက်စေချင်ပါတယ်။ ကျွန်တော်တို့တွေဟာ စိုးရိမ်မှုတွေကို ပြောတဲ့အခါမှာ တစ်ဖက်က ကျွန်တော်တို့ရလာမယ့် အခွင့်အလမ်းတွေကိုလည်း လေးလေးနက်နက် ကျွန်တော်တို့ နိုင်ငံအကျိုးအတွက် စဉ်းစားရပါမယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော် ဒီမှာတော့ ခါတိုင်းလို မဲခွဲပါလို့ ကျွန်တော် မပြောလိုပါဘူး။ ဥက္ကဋ္ဌကြီးက ကျွန်တော်တို့လွှတ်တော်မှာ တိုင်းပြည်အတွက် မှန်မှန်ကန်ကန် ဦးဆောင်မှုပေးနေတဲ့အတွက် ကျွန်တော့်အဆိုနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးရဲ့ ပြန်ကြားချက် ပေါ်မှာ ဥက္ကဋ္ဌကြီးကပဲ တိုင်းပြည်အတွက် သင့်မြတ်တဲ့အဆုံးအဖြတ်ပေးပါလို့ ကျွန်တော် လေးလေးနက်နက် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ကတော့။ ဒေါ်နန်းဝါနု ခဏလေးနားထောင်လိုက်ပါ။ အချိန် လည်းရှိပါတယ်။ အချိန်ကလည်း ၁၂ နာရီရှိပြီ။ ဦးသိန်းညွန့်က ဥက္ကဋ္ဌကြီးကို ယုံလို့ပုံအပ်သွားပြီ။ ဥက္ကဋ္ဌကြီးလည်း ဒီအဆိုနဲ့ပတ်သက်ပြီးတော့ အလေးအနက်ထား နားထောင်ပါတယ်။ နားထောင်လို့ပဲ အဆိုကိုမူတည်ပြီးတော့ ဆွေးနွေးကြတဲ့ပုဂ္ဂိုလ်များဟာ ဦးသိန်းညွန့်တင်သွင်းတဲ့ အဆိုအတိုင်းပေါ့ လေ။ ခေတ်နှင့်လျော်ညီသော အစိုးရမဟုတ်သော လူ့အဖွဲ့အစည်းများ၊ NGO များ မှတ်ပုံတင်ခြင်း ဆိုင်ရာဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက် ဒါကြောင့်မို့လို့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေးဆိုတော့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖို့လိုသလား၊ လိုတယ်ဆိုတဲ့အဓိပ္ပါယ်ပေါ်ပါတယ်။ ဒါဖြင့်ရင် ဥပဒေကောရှိသလား။ ရှိတယ်ဆိုတာတွေ့ရှိရပါတယ်။ ဒါဖြင့် အဲဒီဥပဒေနဲ့အတူ နောက် ဆက်တွဲ ဥပဒေများဖြစ်သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ ရှိသလား ပြန်စိစစ်ဖို့လိုပါတယ်။ ဒါမနေ့က သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ရှေ့နေချုပ်ရုံးကို အမိန့်၊ နောက်ဆုံးအမိန့်ကြော်ငြာစာတွေရှိသလား။ရှိလို့ရှိရင် ပေးပို့ပါဆိုတဲ့အခါကျတော့ မနေ့ကတစ်ခါတည်း ကျွန်တော်ဆီကို ဝင်ပြီးပေးပို့သွားပါတယ်။ ဒီလိုပေးပို့တဲ့အတွက်လည်း ဒီဝန်ကြီးဌာနကို အသိအမှတ်

ပြုပါတယ်။ ဘာ့ကြောင့်လဲဆိုရင် ကျွန်တော်တို့ဒီနေ့ ဥပဒေများ၊ မူလဥပဒေများရှိပြီးတော့ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များဟာ တစ်ချို့ဝန်ကြီးဌာနများမှာ ပြည့်ပြည့်စုံစုံ မရှိဘူးလို့ ဒီလိုဖြေပါတယ်။ ဖြေတာပြောတာပါ။ ဒီဟာလည်း ရှေ့နေချုပ်ရုံးကနေပြီးတော့ တောင်းခံတဲ့ အခါမှာ မရှိဘူးဆိုတဲ့ ဝန်ကြီးဌာနများက ဒီလိုဖြေတာရှိပါတယ်။ အမှန်ကတော့ ဥပဒေတစ်ရပ် ပြဋ္ဌာန်းပြီးတဲ့နောက်မှာ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ ဒါတွေရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထဲရေးဝန်ကြီးဌာနကတော့ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ပြည်ပြည့်စုံစုံ ကျွန်တော့်ဆီ ပေးပို့တင်ပြနိုင်ပါတယ်။ ဒီဟာတွေလေ့လာလိုက်တဲ့ အခါမှာ ဥပဒေရှိပြီ၊ ဥပဒေရှိပြီးတဲ့အခါမှာ မနေ့ကရော၊ ဒီနေ့ရော ဆွေးနွေးတဲ့အခါမှာ ဥပဒေအပြင် နောက်ဆုံး လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာအပိုင်းတွေက ဒီမူလဥပဒေရဲ့ ရည်ရွယ်ချက်ကျော်လွန်ပြီး ဆောင်ရွက်ထားတာတွေ သွားတွေ့ရပါတယ်။ ဒီဥပဒေက ခုနဦးသိန်းညွန့် တင်ပြထားသလိုပဲ (၆/၈၈) ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့က ထုတ်ပြန်ထားခဲ့ပါတယ်။ အဲဒီနောက်ပိုင်း နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ အဆင့်ဆင့်ထွက်ပါတယ်။ နောက်ဆုံး ကျွန်တော်တို့ နယကလက်ထပ်မှာ တစ်ကြိမ်ထပ်ပြီးတော့ ထွက်တာ ဒီမှတ်တမ်းအရ တွေ့ရပါတယ်။ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့ ပြည်ထဲရေးဝန်ကြီးဌာနက အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း ဆိုင်ရာဥပဒေတစ်ရပ် ဖွဲ့စည်းခွင့်ပြုရန် လျှောက်ထားသည့် အသင်းအဖွဲ့များအား စိစစ်တင်ပြရေး ကိစ္စ။ ဒီထက်နောက်အကျဆုံး ထုတ်တာကတော့ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့အမိန့်အမှတ် (၁/၂၀၁၀) အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းထုတ်ပါတယ်။ အဲဒီထုတ်ပြန်ကြေညာချက် အပိုဒ် ၂ မှာ မနေ့က အလေးထားဆွေးနွေးသွားတဲ့ အကြောင်းအရာတွေ ပါပါတယ်။ ဒီအထဲမှာ ဘာပါသလဲဆိုတော့ အသင်းဖွဲ့မယ်ဆိုလို့ရှိရင် ငွေတစ်သိန်းပေးရမယ်။ ၂ နှစ် တစ်ကြိမ် အစီရင်ခံရမယ်စသဖြင့်ပေါ့လေ။ ရှင်းရှင်းလင်းလင်းပြောမယ်ဆိုလို့ရှိရင် တကယ့်လက်တွေ့ မှာလိုက်နာဆောင်ရွက်ဖို့ အခက်အခဲဖြစ်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။ လက်တွေ့မကျတဲ့ကိစ္စတွေလဲ ဖြစ်တယ်လို့ ပြောလို့ရပါတယ်။ တစ်ယောက်ဆွေးနွေးသွားသလိုပဲ Flexible ဖြစ်ဖို့ ဆိုတဲ့နေရာမှာ Flexible မဖြစ်ဘဲနဲ့ အခက်အခဲတွေ ဖြစ်နေတာတွေ့ရပါတယ်။ ဒါကြောင့်မို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာနကတင်ပြတဲ့ ဥပဒေ၊ နည်းဥပဒေနဲ့ သက်ဆိုင်တဲ့ဟာတွေကို လေ့လာတဲ့အခါမှာ ဥပဒေကြီးကို ချက်ချင်းအသစ်ပြင်ရေးဆွဲဖို့ထက် ဒီဥပဒေထဲမှာပါတဲ့ တစ်ချို့အချက်ပြင်ဖို့ လိုကောင်း လိုမယ်။ လိုချင်မှလဲလိုမယ်။ သို့ရာတွင် သေချာတာကတော့ လက်တွေ့လက်ငင်းကို ပြင်ဖို့လိုနေပါပြီ။

အဲဒီလက်တွေ့ လက်ငင်းပြင်လိုက်တယ်ဆိုရင်ဘဲ အလုပ်တွေတော်တော်များများ ဖြစ်သွားနိုင်တဲ့ အနေအထားရှိပါတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့က စဉ်းစားတဲ့အခါမှာ ဥပဒေကြီးကို စပြီးတော့ ရေးပြီးတော့ ပြင်ပြီးတော့ ထွက်လာတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များစောင့်ပြီးမှ ဒီအသင်းအဖွဲ့တွေ ဖွဲ့စည်းမလား၊ အလုပ်လုပ်တော့မလား။ သို့မဟုတ် လို့ရှိရင် ဒီနေ့ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တွေထဲက ပြင်သင့်တာတွေကို ပြင်ပြီးတော့ အမြန်ဆုံးလုပ်ငန်းတွေ စတော့မလား။ ဒီလိုစဉ်းစားဖို့ လိုပါတယ်။ ဒီလိုစဉ်းစားတဲ့နေရာမှာ ကျွန်တော့်ရဲ့ စဉ်းစားမှုကတော့ လောလောဆယ်တော့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရယ်၊ ဥပဒေကြမ်းကော်မတီနဲ့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေထဲက ဒီကိစ္စကို အင်မတန်စိတ်ဝင်စားသူများအနေနဲ့က ပူးပေါင်းလေ့လာပြီး လိုအပ်မယ်ဆိုလို့ရှိရင် ပြည်ထဲရေးဝန်ကြီးဌာနကို ဖိတ်ကြား၊ အခြားဌာနကို ဖိတ်ကြားပြီးတဲ့အခါမှာ နည်းဥပဒေနဲ့ အောက်ပိုင်းကိစ္စတွေကို အမြန်ဆုံးပြင် လွှတ်တော်ကိုပြန်တင်ပြ ဆိုလို့ရှိရင် ဒီလုပ်ငန်းဟာ လောလောဆယ် လက်တွေ့ဆောင်ရွက်ဖို့ အမြန်ဆုံးဖြစ်နိုင်ဆုံးလို့ ယူဆပါတယ်။ သို့ရာတွင် အဲလို လုပ်တဲ့နေရာမှာ မပြည့်စုံသေးဘူးဆိုရင်တော့ အချိန်ယူပြီးတော့ ဥပဒေသစ်တစ်ရပ်ရေးဆွဲမယ် ဆိုရင်တော့ ပိုပြီးတော့ အဆင်ပြေနိုင်မယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ပေးလိုက်တဲ့ ဦးသိန်းညွန့် ကျွန်တော်လည်း ဦးသိန်းညွန့်ကို ပြန်မေးပါမယ်။ အခု ဒီဟာကို ကျွန်တော်ကလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပြီးတော့ ကျွန်တော် ဆက်လက်ဆောင်ရွက်ပါမယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ဦးသိန်းညွန့်ရဲ့ သဘောထား ပြောနိုင်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)။** ။ ကျွန်တော်ဥက္ကဋ္ဌကြီးကို တိုင်းပြည်အတွက် အလွန်အရေးကြီးတဲ့ အဆိုကို ကျွန်တော် လွှဲအပ်ပြီးပါပြီ။ ဥက္ကဋ္ဌကြီးကို ကျွန်တော်ယုံပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခေါင်းဆောင်မှုကို လက်ခံတဲ့အတွက် ဥက္ကဋ္ဌကြီးသင့်မြတ်သလိုသာ တိုင်းပြည်နဲ့လူထု အတွက် ဆုံးဖြတ်ပေးဖို့ ထပ်ပြီးတော့ မေတ္တာရပ်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကဲ ဒါကြောင့် ကျွန်တော်ခုန တင်ပြခဲ့တဲ့အတိုင်းပါပဲ ဒီဥပဒေ ဦးသိန်းညွန့် တင်သွင်းတဲ့ အဆိုမှာပါတဲ့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖို့လိုသလား၊ မလိုဘူးလားဆိုတော့ လိုပါတယ်။ ဒါဖြင့် ဥပဒေတစ်ရပ်ရှိသလား၊ မရှိဘူးလားဆိုတော့ ရှိပါတယ်။ အဲဒီရှိတဲ့ ဥပဒေ၊ နည်းဥပဒေတွေက ဒီနေ့ခေတ် ဒီနေ့ကာလနဲ့ လိုက်လျောညီထွေ ရှိ၊ မရှိနဲ့ လက်တွေ့ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိအပိုင်းကို လေ့လာတဲ့အခါမှာ လက်တွေ့လိုက်လျောညီထွေရှိပြီးတော့ ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ အခြေအနေဟာ

နည်းဥပဒေရဲ့နောက်ပိုင်းမှာ အများကြီး ရှိနေပါတယ်။ ဒါကြောင့်မို့လို့ အခု ပြည်ထဲရေးဝန်ကြီးဌာနက ရေးဆွဲတင်ပြပြီး အဆင့်ဆင့်သောဥပဒေများကို ပြည်သူ့လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ရယ်၊ ဥပဒေကြမ်းကော်မတီရယ်၊ ဒီနေ့ ဆွေးနွေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များရယ်၊ မဆွေးနွေးပေမယ့် စိတ်ဝင်စားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရယ်က ပြင်ဆင်သင့်တဲ့ကိစ္စများ ပြင်ဆင်ဖို့၊ ပယ်ဖျက်သင့်တဲ့ကိစ္စများ ပယ်ဖျက်ဖို့ ကျွန်တော့်အနေနဲ့ လွှတ်တော်ကတစ်ဆင့် သက်ဆိုင်ရာကော်မတီ၊ ကော်မရှင်များကို တာဝန်ပေးချင်ပါတယ်။ ဒီလိုတာဝန်ပေးမှုနဲ့ ပတ်သက်လို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ကျွန်တော်ရဲ့ တင်ပြချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ ကော်မရှင်အနေနဲ့ ကော်မတီအနေနဲ့ ဒီကိစ္စကို အထူးကိစ္စတစ်ခုလို သဘောထားပြီးတော့ ရက်များများ အချိန်မပေးဘဲနဲ့ ပြန်လည်ပြီးတော့ လွှတ်တော်ကို အစီရင်ခံစာနဲ့ တင်ပြဖို့ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ အစည်းအဝေးအစီအစဉ် ဒီမှာပြီးပါပြီ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် (သောကြာနေ့) ၁၀:၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းကြေညာပါတယ်။

**အချိန်၊ ၁၂း ၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို ၁၂း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]